# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


### သံသရာသည် ရှည်လျား၏

အိပ်မပျော် နိုးနေသောသူအား ညဉ့်တာရှည်လျား၏။ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၁၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၆၄)


# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မတ် ၁၂

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ် အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID-19ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ဟိုပန်မြို့နယ်၊ မိုးမိတ်မြို့နှင့် မဘိမ်းမြို့များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ကလောမြို့နယ်၊


စာမျက်နှာ ၁၁ ကော်လံ ၁ ❇




ဆရာတော်တစ်ပါးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၀၄၄၀၃ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၅၄၁၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၆၉၄၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၂၄၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၄၀၅၆ ဦးဖြစ်သည်။


စာမျက်နှာ ၁၀ ကော်လံ ၁ ◆


**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု တစ်လတာ**


စာမျက်နှာ - ၆၊ ၇၊ ၈





# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲဝင်စွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာ့အလင်း

# ရပ်အကျိုး၊ ရွာအကျိုး ဖော်ဆောင်ကြရမည့် ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးရုံးများ

ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးရုံးများသည် ရပ်ရွာလူထုနှင့် ထိတွေ့နေရသည့် အခြေခံအကျဆုံးသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ရပ်ကွက်/ကျေးရွာ အဆင့်မှသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားခြင်းဖြစ်ရာ အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးရုံးများမှာ လွန်စွာအရေးကြီးသည်။ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးကောင်းလျှင် ကောင်းသလို/ ဆိုးလျှင်ဆိုးသလို နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထု၏အမြင်ကလည်း လိုက်ပါပြောင်းလဲလေ့ရှိသည်။

ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးရုံးများသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင်လည်း အထူးအရေးပါသည်။ ရပ်ရွာနေပြည်သူအချင်းချင်းဖြစ်ပွားသည့် အချို့သော အမှုအခင်းအသေးအဖွဲ့မျိုးမှာ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးရုံး၌ပင် ညှိနှိုင်းဖြေရှင်း၍ ပြေလည်သွားကြရသည်။ ထို့ပြင် ဒေသလုံခြုံရေးတွင်လည်း ရပ်ကွက်/ကျေးရွာများ၏ ဆယ်အိမ်စု၊ ရာအိမ်စုအလိုက်အထိ ရပ်ရွာ၏အသေးစိတ်အခြေအနေကို သိရှိနိုင်ခြင်းကြောင့် တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်သည်။ သို့ဖြစ်သောကြောင့် ရပ်/ကျေးအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများ မှန်ကန်ထက်မြက်ကောင်းမွန်ပြီး ရပ်ရွာနေပြည်သူလူထုနှင့် သဟဇာတဖြစ်က ပြည်သူလူထု ပိုမိုပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ ယင်းသို့သောရပ်ရွာမျိုးမှာ အေးချမ်းသာယာ၊ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလေ့ရှိသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်မှူးများမှာ ဥပဒေအရ သမ္မတ၏ သက်တမ်းနှင့်အတူတူပင်ဖြစ်ရာ သက်တမ်းပြည့်ပါက နောက်သက်တမ်းအတွက် အုပ်ချုပ်ရေးမှူးအသစ်ကို လဲလှယ်ကြရသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသည့် နိုင်ငံသားဖြစ်ခြင်း၊ အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊ စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ဆယ်နှစ်နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊ ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊ ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊ နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏ အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန်ဆန္ဒရှိသူဖြစ်ခြင်း၊ အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း၊ တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူ မဟုတ်ခြင်း ဟူသည့် အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ရမည်ဖြစ်သည်။

အရေးကြီးသည့်အချက်မှာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါတီနိုင်ငံရေးကင်းရှင်းရေးပင်ဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပါတီနိုင်ငံရေးအစွဲရှိနေပါက ရပ်ကွက်/ကျေးရွာ အတွင်း မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်လာနိုင်သလို ရွေးကောက်ပွဲမဲစာရင်းကိစ္စများ၊ ရွေးကောက်ပွဲကိစ္စများ စသည်တို့တွင်လည်း မမှန်မကန်လုပ်ဆောင်မှု၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်။ ယခုအခါ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးရုံးများ ဖွင့်လှစ်ခြင်းကို အဖျက်အမှောင့်သမားများက နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဟန့်တားလျက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင်လုပ်ဆောင်လျက်ရှိကြသည်။ ရပ်ရွာနေ ပြည်သူလူထုအနေဖြင့် သွေးထိုးလှုံ့ဆော်မှုများ၊ မဟုတ်မမှန်ပြောကြားမှုများကို နားမယောင်ကြဘဲ မိမိတို့၏ ရပ်ရွာလုံခြုံရေးနှင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ကြရေးအတွက် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးရုံးများ ဖွင့်လှစ်ရာတွင် ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီနိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဝင်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ရေနံချောင်းမြို့ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

နေပြည်တော် မတ် ၁၂

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ညောင်လှရပ်ကွက်ရှိ အိမ်ထောင်စုများအတွက် ဆန်နှင့်ဆီများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အများပြည်သူကို စိတ်ခတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လို

**CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ထားသည့် ဓာတ်ပုံများအထူးသဖြင့် လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ခတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၁-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး အလေးထား၍ ဦးတည်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မှာကြား

ရန်ကုန် မတ် ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသည့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာ အဖွဲ့အစည်း (One Stop Service-OSS) က တာဝန်ခံအရာရှိများကို ယနေ့မွန်းလွဲပိုင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် တွေ့ဆုံသည်။ (ယာပုံ)



### ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများပေးရန်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများ ပြေပြစ်သွက်လက်၍ ရိုးရှင်းလွယ်ကူစေရေး ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲအတားအဆီးများ စိစစ်လျှော့ချကာ အွန်လိုင်းဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး (Investment Facilitation)ကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး (Investment Promotion) ကို ဦးတည်ဆောင်ရွက်ရေးနှင့် One Stop Service (OSS) ၏ အခန်းကဏ္ဍကို မြှင့်တင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးကြရန် အလေးထားမှာကြားသည်။

### အခက်အခဲများတင်ပြ

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးခိုင်ဦးက လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ခံအရာရှိများက မိမိတို့ကြုံတွေ့ရသည့် အခက်အခဲများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (One Stop Service-OSS)၌ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ One Stop Service (OSS) တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပျိုးထောင်ထားသော ကြီးမြန်သစ်မျိုးများကို လာမည့်စိုက်ပျိုးရာသီတွင် မြေချစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်

နေပြည်တော် မတ် ၁၂

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ဇေယျာသီရိမြို့နယ် ရွှေကျပျိုးဥယျာဉ်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းရှိ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရွှေကျပျိုးဥယျာဉ်တွင် ပျိုးအိတ်ကြီးများဖြင့် ပျိုးထောင်ထားသော အမြင့် နှစ်ပေနှင့်အထက် ပျိုးပင်ကြီးများကို ယခုနှစ် မိုးရာသီတွင် ဖြန့်ဝေမြေချ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် စတင်ပျိုးထောင်ထားသော ပျိုးပင်များကိုလည်း လာမည့်နှစ်မိုးရာသီများတွင် မြေချစိုက်ပျိုးနိုင်ရေးအတွက် အောင်လုံသန်စွမ်းသော ပျိုးပင်များဖြစ်ရန် ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း ရွှေကျပျိုးဥယျာဉ်တွင် အမြင့်နှစ်ပေနှင့်အထက် အရိပ်ရပင်၊ လေကာပင်၊ ပန်းပွင့်သောပင်နှင့် သီးပင်စားပင်၊ သစ်မျိုး ၉၁ မျိုး၊ အပင် ၆၉၀၀ ကို ပြုစုပျိုးထောင် ထားရှိပြီးဖြစ်ကြောင်းနှင့် ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင် သစ်မျိုး၂၃ မျိုး၊ ပျိုးပင် ၅၀၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းရှိ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ ပျိုးဥယျာဉ်တာဝန်ရှိသူများက ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း၊ ပျိုးဥယျာဉ်တွင် အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်ကြီးသစ်မျိုး ၃၄ မျိုး၊ အပင် ၁၁၀၀၀ ကို ပြုစုပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့် ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင်သစ်မျိုး ၄၇ မျိုး၊ အပင် ၁၅၀၀၀၀ ကို ပျိုးထောင် ထားရှိပါကြောင်း၊ အဆိုပါ အမြင့် နှစ်ပေနှင့်အထက် ပျိုးပင်ကြီးများကို လာမည့် ၂၀၂၂ ခုနှစ် (မိုးရာသီ)တွင် မြေချစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင်များကိုလည်း လာမည့်နှစ်မိုးရာသီများတွင် ဖြန့်ဝေစိုက်ပျိုးနိုင်ရေးအတွက် ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုစီမံချက်ပါအတိုင်း ဒေသနှင့်ကိုက်ညီသည့် ပျိုးသက်ရင့် အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်များကိုသာ လာမည့် ၂၀၂၂ ခုနှစ်(မိုးရာသီ)တွင် မြေချစိုက်ပျိုးသွားရန်၊ ယခုနှစ်တွင် စတင်ပျိုးထောင်သော ပျိုးပင်များကိုလည်း ၂၀၂၃ ခုနှစ် (မိုးရာသီ)တွင် အမြင့်နှစ်ပေနှင့် အထက်ရရှိပြီး အောင်လုံသန်စွမ်းသည့် ပျိုးပင်ဖြစ်ရန် ဆက်လက်ပြုစုထိန်းသိမ်း ဆောင်ရွက်ရန်၊ လက်ရှိ ပျိုးထောင်ထားသော သစ်မျိုးများအနက် ကြီးမြန်သစ်မျိုးများကို လာမည့်စိုက်ပျိုးရာသီ ချိန် ဇွန်၊ ဇူလိုင်လများတွင် အမြင့်နှစ်ပေနှင့်အထက် အရွယ်ရရှိပါက မြေချစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့်ဥပဒေနှင့် ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၁၅) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့်အဖွဲ့ တက်ရောက်

နေပြည်တော် မတ် ၁၂

**(၁၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၈) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (15th ASEAN Ministers' Responsible for Information and its related Meetings) (15th AMRI) အား ယနေ့နံနက်ပိုင်းက အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံမှ ဗီဒီယိုအစည်းအဝေးစနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။** (ယာပုံ)




အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးတွဲကြေညာချက်ထုတ်ပြန်**

ယခုနှစ် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဆောင်ပုဒ် (Theme) မှာ **"ASEAN: A Digital Community with Accessibility for All" (လူတိုင်းလှမ်းမီ ရပ်ဝန်းသည် အာဆီယံဒစ်ဂျစ်တယ် အသိုက်အဝန်းဆီ)** ဖြစ်ပြီး အာဆီယံနိုင်ငံအလိုက် ပြန်ကြားရေးဝန်ကြီးများက၎င်း Theme အပေါ်တွင်အခြေခံ၍ အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရေ့လုပ်ငန်းစဉ်များအပေါ် သဘောထားအမြင်များ ဆွေးနွေးဖလှယ်ခဲ့ကြကာ အာဆီယံပြည်သူများအကြား ဒစ်ဂျစ်တယ်သိနားလည်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမူဘောင် သဘောတူညီချက်၊ အာဆီယံဒစ်ဂျစ်တယ် နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်ရာတွင် လူတန်းစားမရွေးအားလုံးပါဝင်အသုံးပြုနိုင်ရေး မူဘောင်သဘောတူညီချက်နှင့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တို့အား ထုတ်ပြန်ကြေညာကြသည်။

AMRI အစည်းအဝေးများကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်နှစ် တစ်ကြိမ် နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပလေ့ရှိပြီး (၁၂) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th AMRI) ကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်တွင်လည်းကောင်း၊ (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေး အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (13th SOMRI) ကို ရေဝတီတိုင်းဒေသကြီး ငွေဆောင်တွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါ AMRI အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေး ဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ဆက်လက်ကျင်းပ**

AMRI အစည်းအဝေးများတွင် အာဆီယံ ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများ၊ ဆက်စပ်သည့် အာဆီယံ အစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် လက်ရှိလုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရေ့လုပ်ငန်းစဉ်များအတွက် စီမံကိန်းများလျာထားခြင်း၊ အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာအပေါ် အာဆီယံပြန်ကြားရေး ဝန်ကြီးများက ပြန်လည်သုံးသပ်ပြီး အကြံဉာဏ်များ ထပ်ဆောင်းထည့်သွင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိသည်။

ပုံမှန်အားဖြင့် AMRI အစည်းအဝေးကို အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (Senior Officials' Meeting- SOMRI) နှင့် ဆွေးနွေးဖက်သုံးနိုင်ငံပါဝင်သည့် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (SOMRI+3)တို့ကို ၂ ရက်ကြာ ကျင်းပပြီး အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Minister Res- ponsible for Information- AMRI) နှင့် ဆွေးနွေးဖက်သုံးနိုင်ငံပါဝင်သည့် ဝန်ကြီးများအဆင့် အစည်းအဝေး (AMRI+3) တို့ကိုလည်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအပြီးတွင် ၁ ရက်ကြာ ဆက်လက်ကျင်းပလေ့ရှိသည်။

ယခုအခါ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသည့် COVID-19 အခြေအနေကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များ ရှိသဖြင့် အိမ်ရှင် ထိုင်းနိုင်ငံက ဗီဒီယိုအစည်းအဝေးစနစ်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်သည်။

(၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တစ်ကေချင်း၊ တောင်သူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေး မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးနိုင်ရေးကြိုးပမ်း

နေပြည်တော် မတ် ၁၂

**တစ်ကေချင်း၊ တောင်သူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



တစ်ကေချင်း၊ တောင်သူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံများက သက်ဆိုင်ရာဒေသများမှ အွန်လိုင်းစနစ်အသုံးပြု တက်ရောက်ကြသည်။

## တီထွင်ကြံဆဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲသက်ရောက်လာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေလုံလောက်စွာ အသုံးပြုနိုင်ရေးအပေါ် ထိခိုက်မှုမရှိစေရန် မိမိတို့ဝန်ကြီးဌာနက ဘက်စုံထောင့်စုံနည်းလမ်းများဖြင့် တီထွင်ကြံဆဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသော မြစ်ရေတင်လုပ်ငန်းများဖွံ့ဖြိုးရေး၊ အခြေအနေပေးသည့် ဒေသများတွင် ဆိုလာစနစ်အသုံးပြု၍ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် မြစ်ရေတင်ဧရိယာအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ စနစ်တကျ ဆောင်ရွက်စေခြင်းဖြင့် ရေကိုအကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရန် တောင်သူပညာပေး စံနမူနာပြ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော နည်းပညာများ ကူညီပံ့ပိုးပေးခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ချက်များကို လည်းကောင်း၊ ရေအသုံးချသူများအဖွဲ့(WUG)များ ၊ ရေအသုံးချသူများအသင်း(WUA)များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ယင်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာပေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## စက်မှုလယ်ယာ ကူးပြောင်းရေး

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သီးနှံထုတ်လုပ်မှုနှုန်းမြင့်မားရေးအတွက် အဓိကဖြစ်သော လုံလောက်ပြည့်ဝသည့် ရေရရှိရေးမှတစ်ဆင့် စက်မှုလယ်ယာကူးပြောင်းရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်လာသည်အထိ အောင်မြင်လာမည် ဖြစ်ကြောင်း၊ မြစ်ရေတင်စိုက်ပျိုးမှု၊ ဆည်ရေအသုံးပြုမှု၊ မြေအောက်ရေအသုံးပြုမှု၊ ရေထိန်းသိမ်းသိုလှောင်မှု စသည်ဖြင့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေသာမက သောက်သုံးရေ၊ ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသုံးရေပါမကျန် ဖူလုံစွာအသုံးပြုနိုင်ရေးအတွက် ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

## ရေများအကျိုးရှိစွာ အသုံးပြုနိုင်ရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ဦးတည်ချက်ထား ကြိုးပမ်းလျက်ရှိရာ ရေတင်စီမံကိန်းဧရိယာများတွင် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများကို စနစ်တကျပြောင်းလဲကျင့်သုံးသွားရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စက်မှုလယ်ယာစနစ်သို့ အပြည့်အဝကူးပြောင်းနိုင်ရေး၊ မြေအောက်ရေများ ထုတ်ယူအသုံးပြုနိုင်ရေး၊ အခြေအနေပေးသည့်ဒေသများတွင် ချောင်းပိတ် မြောင်းပိတ်များ ဆောင်ရွက်ရေး၊ ရေအသုံးချသူအစုအဖွဲ့နှင့်အသင်းများ ပိုမိုအားကောင်း ခိုင်မာလာအောင် ဆောင်ရွက်ရေး၊ ရေတင်စနစ်များမှ ရေများကို အလေအလွင့်အနည်းဆုံးနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ ရေအနည်းလို သီးနှံများနှင့် တန်ဖိုးမြင့်သီးနှံများ၊ မွေးမြူရေးလုပ်ငန်းများ အစားထိုးလုပ်ကိုင်နိုင်ရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၉)အခြေခံပညာ မူလတန်းလွန်ကျောင်း(ရဲဒိကျေးရွာ)နှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။**

## ကျောင်းစာကြည့်တိုက်များ ဖြည့်ဆည်းပေး

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပစာရပ် ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ စာဖတ် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရန် ပြည့်စုံကောင်းမွန်သော ကျောင်းစာကြည့်တိုက်များ ဖြည့်ဆည်းပေးကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် ဖွင့်ချိန်နှင့် စာကြည့်တိုက်တာဝန်ခံ ဆရာ ဆရာမများ သတ်မှတ်ထားရှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စင်၊ စာအုပ်ဗီရိုများ၊ ရွှေသွေးဂျာနယ်၊ မိုးသောက်ပန်းကဲ့သို့သော ကျောင်းသားကျောင်းသူများ ကြိုက်နှစ်သက်သည့် သုတ၊ ရသစာအုပ်စာစောင်များ ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ စာသင်ခုံများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ကြရန်နှင့် ကျောင်းသားလူငယ်များ ကိုယ်တိုင် မိမိစာသင်ခုံသပ်ရပ်ရေးအတွက် တာဝန်ယူမှု အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန်ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများ၊ မျက်နှာကြက်များ၊ အန္တရာယ်ရှိ လျှပ်စစ်ကြိုးများ၊ မီးဘုတ်ခုံများ ပြင်ဆင် မွမ်းမံထားကြရမည် ဖြစ်ပါကြောင်း၊ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ထားသော ကျောင်းဆောင်များကို ဆက်လက် အသုံးမပြုဘဲ ဖျက်သိမ်းရမည် ဖြစ်ပါကြောင်း၊ ကျောင်းအတွက် လိုအပ်သော စာသင်ဆောင်၊ သိပ္ပံခန်းသုံး လက်တွေ့ပစ္စည်းများနှင့် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ၊ သန့်စင်ခန်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။



## ပူးပေါင်းဆောင်ရွက်

ဆရာ ဆရာမများအနေဖြင့် အရည်အသွေးရှိသော ပညာရေးစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းကာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းများကို မတ် ၁၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘီအီးဒီ ပညာရေးဘွဲ့ သင်တန်းများကို သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသော ဆရာ ဆရာမများက နီးစပ်ရာ ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက် သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ရှိ ဆရာ ဆရာမများအနေဖြင့် ဘီအီးဒီ ပညာရေးဘွဲ့ သင်တန်းများကို နီးစပ်ရာ တောင်ငူပညာရေး ဒီဂရီကောလိပ်၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်များတွင် သင်ကြားသင်ယူနိုင်ပါက ပညာသင်ယူမှု အခွင့်အလမ်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ပြင်ဆင်ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာပြီးစီးနိုင်ရေးအတွက် ဆက်လက်ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

## လှည့်လည်ကြည့်ရှု


ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ

အိုးစည်ဗုံမောင်းတို့ အချက်ကျကျ၊ အချိုးညီညီပေါင်းစပ်ထားတဲ့ မြန်မာနိုင်ငံသားတိုင်း ကြားဖူးနေကျ ရွှေအိုးစည်တေးသွားက ကမ်းစပ်မှာ ပျံ့လွင့်နေပါတယ်။ တရွေ့ရွေ့နဲ့ ကမ်းကို နီးကပ်လာတဲ့ သင်္ဘောကြီး သုံးစင်းကို မြင်တွေ့နေရပါတယ်။ သင်္ဘောကုန်းပတ်ပေါ်မှာတော့ အမိမြေကို ခြေချခွင့်ရကြသူတွေ စိတ်လှုပ်ရှားနေကြပါတယ်။ ကမ်းစပ်မှာလည်း ပြည်တော်ပြန်တွေအပြင် သွားရောက်ခေါ်ဆောင်၊ စောင့်ရှောက်ကူညီပေးကြတဲ့ တပ်မတော်သားတွေကို ပေးအပ်မယ့် အောင်ပွဲခံသပြေနုတွေနဲ့ အိုးစည်ဗုံမောင်းတွေနဲ့ ပြည်သူတွေက ကြိုဆိုနေကြပါပြီ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။ (၃-၂-၂၀၂၁ ရက်)

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းက မလေးရှားနိုင်ငံမှာ ရောက်ရှိနေပြီး နေရပ်ပြန်ဖို့ အခက်အခဲတွေ့နေကြတဲ့ မြန်မာနိုင်ငံသား တစ်ထောင်ကျော်တို့ဟာ တပ်မတော် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) နဲ့ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ကို စီးနင်းရင်း ပြန်လည်ရောက်ရှိလာခဲ့တဲ့ မြင်ကွင်းတစ်ခုပဲ ဖြစ်ပါတယ်။

### အားတက်ဖွယ် မျှော်လင့်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလအတွင်းမှာ နိုင်ငံရပ်ခြားမှာ ကာလကြာရှည်စွာ ပိတ်မိ၊ ဒုက္ခခံနေရတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ မိမိတို့မြန်မာနိုင်ငံသို့ ပြန်လာသင့်တဲ့အကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေကို အမြန်ဆုံးခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမှာ ဖြစ်တယ်ဆိုတဲ့ လမ်းညွှန်မှာကြားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းရဲ့ အောင်မြင်မှုတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ မလေးရှားနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသား ၁၀၈၆ ဦးတို့ တပ်မတော်ရေယာဉ်တွေနဲ့ မလေးရှားနိုင်ငံ လူမွတ်ရေတပ်ဆိပ်ကမ်းကနေ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းဆီကို ပြန်လည်ခေါ်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ လမ်းခရီးစဉ်တစ်လျှောက်မှာလည်း လုံခြုံရေး၊ စားသောက်နေထိုင်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ အပြည့်အဝတာဝန်ယူပေးခဲ့တဲ့အတွက် ပြည်ပရောက်မြန်မာများအတွက် အားတက်ဖွယ် မျှော်လင့်ချက်လို့ဆိုရမှာ ဖြစ်ပါတယ်။

ယခုဆိုရင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရဲ့ သက်တမ်းဟာ တစ်လတာပြည့်မြောက်ခဲ့ပြီ** ဖြစ်ပါတယ်။ တစ်လတာအတွင်းမှာ အထက်မှာဖော်ပြခဲ့တဲ့ ပြည်ပမှာ အခက်အခဲကြုံနေရပြီး ပြည်တော်ပြန်ခွင့်မရခဲ့တဲ့ မြန်မာနိုင်ငံသားတွေကို အခက်အခဲအမျိုးမျိုးကြားကနေ အောင်အောင်မြင်မြင်နဲ့ ခေါ်ယူနိုင်ခဲ့တာအပြင် များပြားလှတဲ့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များ၊ ပြည်သူများရဲ့ အခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြတ်သန်းမှု တစ်လတာအတွင်း ဆောင်ရွက်ချက်တွေ၊ ကြိုးပမ်းမှုတွေနဲ့ ပြည်သူ့အတွက် လုပ်ငန်းဖော်ဆောင်မှုတွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**“ပြည်ပမှာ အခက်အခဲကြုံနေရပြီး ပြည်တော်ပြန်ခွင့်မရခဲ့တဲ့ မြန်မာနိုင်ငံသားတွေကို အခက်အခဲအမျိုးမျိုး ကြားကနေ အောင်အောင်မြင်မြင်နဲ့ ခေါ်ယူနိုင်ခဲ့တာအပြင် များပြားလှတဲ့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များ၊ ပြည်သူများရဲ့ အခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ”**

### အမိန့်တစ်ရပ်ကို ထုတ်ပြန်

**နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေက ဖေဖော်ဝါရီလ ၁ ရက် နေ့စွဲနဲ့ အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအမိန့်ဟာ နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်တစ်ရပ်ဖြစ်ပြီး အပြည့်အစုံကတော့** - (၁) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာ ကွာခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။ (၂)နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည်ဖြစ်သော်လည်း ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆိုးရွားစွာလွဲမှားနေသည့် မဲစာရင်းများဖြစ်ခဲ့သဖြင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ပြည်သူ့ထံမှ အချုပ်အခြာအာဏာ ဆင်းသက်ရမည်ဆိုသည့်အချက်နှင့် ဆန့်ကျင်နေပါသည်။ (၃) မဲစာရင်းပြဿနာများကို ဖြေရှင်းရန် ငြင်းပယ်ခြင်း၊ အရေးယူဆောင်ရွက်မှု မပြုခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုအပေါ် ရွှေ့ဆိုင်းပေးခြင်းမရှိသည့်အပြင် ပြည်သူ့လွှတ်တော်အစည်းအဝေး အစီအစဉ်များထုတ်ပြန်ကာ အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ရန် ဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပါသည်။ ၎င်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ မြို့/ဒေသအသီးသီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မယုံကြည်သဖြင့် ဆန္ဒပြမှုများ များစွာဖြစ်ပေါ်လျက်ရှိပြီး အခြားပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကလည်း ထောက်ခံပွဲ အလံလွှင့်ထူခြင်းများအပါအဝင် လှုံ့ဆော်မှုမျိုးစုံ ပြုလုပ်နေကြောင်း တွေ့ရသဖြင့် နိုင်ငံတော်တည်ငြိမ်မှုကို များစွာ ထိခိုက်စေလျက်ရှိသည်။ (၄) အဆိုပါပြဿနာများကို မှန်ကန်စွာဖြေရှင်းခြင်း မပြုပါက နိုင်ငံတော်၏ဒီမိုကရေစီ လျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်ပါသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။ (၅)မဲစာရင်းများ စစ်ဆေးအတည်ပြုခြင်း အပါအဝင် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၈ ပုဒ်မခွဲ (က)အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးလိုက်သည်။ (၆) အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေသည် နိုင်ငံတစ်ဝှမ်းဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်လိုက်သည်ဟူ၍ ဖော်ပြပါရှိပါတယ်။

**ကြေညာချက်ထုတ်ပြန်ခဲ့**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ကလည်း ကြေညာချက်အမှတ် (၁/၂၀၂၁) ကို ယင်းနေ့မှာပင် စတင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ပါရှိတဲ့ ရှေ့ဆက်သွားမယ့် ဆောင်ရွက်ချက် ငါးချက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ် Road Map လမ်းပြမြေပုံပဲ**

**"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူကို ပြောကြားတဲ့ မိန့်ခွန်းမှာ "ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့မူဝါဒ၊ စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ် မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာဖြစ်ပါတယ်" ဟု အလေးအနက် ထည့်သွင်းပြောကြားထားခဲ့"**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဘရူနိုင်း ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlawan Haji Hamzah bin Haji Sahat တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။**

**ဖြစ်ပါတယ်။ အဲဒီကြေညာချက်အတွင်းမှာ** – (၁) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာ ကွာခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအားခေါ်ယူ၍ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်ခဲ့သည်။ နိုင်ငံတော်သမ္မတအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန် နှစ်ကြိမ်တင်ပြခဲ့သော်လည်း ငြင်းပယ်ခဲ့ပါသည်။ (၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်။ (၃) လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက်ဆက်လက်ဆောင်ရွက်သွားမည်။ (၄) ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။ (၅) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။ (၆) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါတယ်။

**အတိအလင်းပြောကြား**

**ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်အား ယာယီသမ္မတထံက လွှဲပြောင်းတာဝန်ပေးထားတဲ့ ယနေ့မှစ၍ ဆောင်ရွက်မှာဖြစ်တဲ့ အကြောင်း၊ နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသော တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်း ပြောကြားခဲ့ပါတယ်။**

**တာဝန်များ အပ်နှင်း**

ဖေဖော်ဝါရီလ ၂ ရက်နေ့မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်မတော်တာဝန်ရှိသူများနဲ့အတူ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို တပ်မတော်နှင့်အတူ ထမ်းရွက်ကြမယ့် အရပ်သားပုဂ္ဂိုလ်များပါဝင်လျက် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ထို့အတူ ထိုနေ့ရက်တွေမှာပဲ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာများ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို တိုင်းပြည်အတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်မယ့် အတွေ့အကြုံရင့်ကျက်ပြီး အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များကို စတင်ရွေးချယ် ခန့်အပ်ခဲ့ပါတယ်။ ထို့နောက်မှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစရှိသည့် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များနဲ့ နိုင်ငံတော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမယ့် ဌာနဆိုင်ရာအကြီးအကဲများကိုလည်း ခန့်အပ်ခဲ့ပြီး တာဝန်များ အပ်နှင်းခဲ့ပါတယ်။

ထို့အတူ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း အဖွဲ့ဝင်ခုနစ်ဦးတို့ဖြင့် ပြန်လည်ဖြည့်စွက်ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ယင်းဦးတည်ချက်တွေမှာ နိုင်ငံရေးဦးတည်ချက် သုံးရပ်၊ စီးပွားရေးဦးတည်ချက် သုံးရပ်နဲ့ လူမှုရေးဦးတည်ချက် သုံးရပ်တို့ပါရှိပါတယ်။**

**နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

*စာမျက်နှာ ၈ သို့*




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့က မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအများမှ အကြီးအကဲများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားစဉ်။

*စာမျက်နှာ ၇ မှ*

**စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

**လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး စတဲ့ ဦးတည်ချက်တွေ ထား

**“တိုင်းရင်းသားပြည်သူများ အားလုံး လက်တွဲညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန်နှင့် ကပ်ရောဂါကာလအတွင်း ဖြစ်စေကာမူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရန်၊ ကပ်ရောဂါအလွန် ကာလများတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အတူတကွ ဆောင်ရွက်သွားကြမည်”**

ရှိဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

**နိုင်ငံရေးဦးတည်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများ**

ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေ အရပ်ရပ်အား ပြည်သူလူထုကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူကို ပြောကြားတဲ့မိန့်ခွန်းမှာ **“ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့မူဝါဒ၊ စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာဖြစ်ပါတယ်”**ဟု အလေးအနက် ထည့်သွင်းပြောကြားထားခဲ့ပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းခြင်းနှင့် တရားဥပဒေစိုးမိုးခြင်း၊ ပြည်သူများအေးချမ်းစွာနေထိုင်ခြင်းကို ပျက်စီးစေမည့်လုပ်ရပ်များ မဖြစ်ပွားစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၄ အရ အမိန့်တစ်ရပ်ကို ဖေဖော်ဝါရီလ ၈ ရက်တွင် စတင်ထုတ်ပြန်ခဲ့ပြီး ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

**လူမှုစီးပွားဘဝများတိုးတက်လာစေရေး**

ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်တဲ့ ပြည်ထောင်စုနေ့အခမ်းအနားမှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သဝဏ်လွှာပေးပို့ကာ တိုင်းရင်းသားပြည်သူများ အားလုံး လက်တွဲညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန်နှင့် ကပ်ရောဂါကာလအတွင်း ဖြစ်စေကာမူ တိုင်းရင်းသားပြည်သူများ၏ လူမှု စီးပွားဘဝများ ထိခိုက်နစ်နာမှုလျော့ပါးစေရန်၊ ကပ်ရောဂါအလွန်ကာလများတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အတူတကွ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။



သာစည်မြို့နယ် ပြည်သူ့ဆေးရုံ၌ တပ်မတော်သား ဆရာဝန်များက ပြည်သူများအား ဆေးကုသပေးစဉ်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ပြည်သူလူထုထံ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ပြည်သူလူထုအပေါ် စေတနာထားကာ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လုပ်ကိုင်ပေးလျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အစီအမံများကို ထည့်သွင်းပြောကြားခဲ့ပါတယ်။

ယခုနှစ် ပြည်ထောင်စုနေ့၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများကလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့ပါတယ်။

**နိုင်ငံတကာနှင့် ဆက်ဆံရေး**

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ စပ်လျဉ်းသည့် အကြောင်းအရာများနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံခြားရေးမူဝါဒများကိုလည်း ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ အကြီးအကဲများအား လည်းကောင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပါတယ်။ ထို့အတူ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘရူနိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် နှစ်နိုင်ငံတပ်မတော်တို့ ကိုဗစ်အလွန်ကာလများတွင် သင်တန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။



ကုန်စည်စီးဆင်းမှုလုပ်ငန်း ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိရာ ပြည်ပသို့တင်ပို့မည့်ဆန်များကို သင်္ဘောပေါ်သို့ တင်ဆောင်နေစဉ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ ပြည်သူလူထုအတွက်(၂၄)နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်

နေပြည်တော် မတ် ၁၂

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် COVID-19 Central Command Centre ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

### ခံစားခွင့်များ ရရှိနိုင်ရေး

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ရသင့်ရထိုက်သော ခံစားခွင့်များ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ Allowance များ(ဥပမာ- အထူးကုပညာရှင်ကြေး၊ အချိန်ပိုတာဝန်ထမ်းဆောင်ကြေးများ၊ ကွင်းဆင်းဆောင်ရွက်ရန် ခရီးစရိတ်များ) စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အချို့တိုက်နယ်ဆေးရုံများတွင် ဖွဲ့စည်းပုံအရ ဆရာဝန်(၂)ဦး ခန့်ထားရမည့်အစား လက်တွေ့တွင် ဆရာဝန်(၁)ဦးတည်းက တာဝန်ယူ ဆောင်ရွက်နေရခြင်းအတွက် ပင်ပန်းစရိတ် (သို့မဟုတ်) တာဝန်ခံဆောင်ရွက်ရမှုအတွက် ခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် (ဥပမာ-ဓာတ်ရောင်ခြည်ဌာန၊ ကူးစက်ရောဂါဌာန --- အစရှိသဖြင့် )တာဝန်ထမ်းဆောင်နေကြသည့် ကျွမ်းကျင်ဝန်ထမ်းများအတွက် Risk Allowance များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ နာမကျန်းဖြစ်သည့် အခါတွင် အခမဲ့ ဆေးဝါးကုသနိုင်ရေး၊ ဆေးဝါးကုသမှုကုန်ကျစရိတ်များအား ပြန်လည်တောင်းခံသည့်အခါတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်သွားရန်နှင့် နောင်တွင် ပိုမိုကောင်းမွန်သည့် ငွေကြေးကုန်ကျမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပေါ်ပေါက်လာရေးအတွက် ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအရေးပေါ် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးရုံနှင့် လုပ်ငန်းခွင် အနီးဆုံးနေရာများတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် အိမ်ခန်းမရရှိသော ဝန်ထမ်းများအတွက် Housing Allowance များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝေးလံခက်ခဲသည့် ဒေသများသို့ သွားရောက်သည့်အခါတွင် သွားရေးလာရေး အဆင်ပြေနိုင်ရေးအတွက် Travelling Allowance နှင့် Operational Cost များအတွက် ဘဏ္ဍာငွေလျာထားပေးရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာ နီးနွယ်တက္ကသိုလ်များ၏ ဝင်ခွင့်အရည်အချင်း စိစစ်သတ်မှတ်မှုအား လက်ရှိ အခြေအနေနှင့်အညီ ပြန်လည်စိစစ်၍ လိုအပ်ပါက ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေများတိုးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာဦးစီးဌာန လက်အောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အားလုံး ရသင့်ရထိုက်သော ခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့အပြင် စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများအတွက် စားသောက်စရိတ်များအား တိုးမြှင့်ပေးထားပါကြောင်းနှင့် အားကစားနည်းပြများအတွက်လည်း ထောက်ပံ့ငွေများအား (၂)ဆတိုးမြှင့် သတ်မှတ်ပေးထားပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် တက်ရောက်လာကြသည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ/ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အကြံပြုတင်ပြချက်များအား လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

### အမြန်ဆုံးပြန်လည်ဝင်ရောက်

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အားလျော်စွာ ပြည်သူလူထုအတွက်(၂၄)နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်း ပညာဖြစ်သည့်အပြင် ကုသိုလ်လည်းရဝမ်းလည်းဝသည့် လုပ်ငန်းဖြစ်သည့်အတွက် ယခုအချိန်တွင် အကြောင်း အမျိုးမျိုးကြောင့် လုပ်ငန်းခွင် ပျက်ကွက်လျက်ရှိသော ကျန်းမာရေးနှင့် အားကစားဝန်ထမ်းများ အနေဖြင့် လုပ်ငန်းခွင်သို့ အမြန်ပြန်လည် ဝင်ရောက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှလည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အကြောင်းကြားထားပြီးဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင် အသီးသီးသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ရန်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းအပ်ပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနများမှ ဌာနအကြီးအကဲများအနေဖြင့် ယနေ့အစည်းအဝေးတွင် မှာကြားခဲ့သော လုပ်ငန်းလမ်းညွှန်ချက်များအား ဦးစီးဌာနအောက်ရှိ ဝန်ထမ်းများအား အဆင့်ဆင့် ထပ်မံ ညွှန်ကြားသွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ပြန်လည်တင်ပြပါရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

◆ *ရှေ့ဖုံးမှ*

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ကြီးတံခွန်မြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ် မဲရုံပေါင်း ၇၁ ရုံ | ၂၀၄၄၀၃ | ၁၆၅၄၁၇ | ၁၆၉၄၅ | ၂၂၄၈ | ၂၄၀၅၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြု ခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၄၃၀၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၀၇၉၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၅၀၇ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၆၄၉၉၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

### ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိမှု | အသုံးပြု | ကျန်ရမည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၃၃၅၀ | ၁၃၀၁၉၃ | ၇၃၁၅၇ | ၆၄၆၄၁ | ၉၂၄၂ | ၇၂၆ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၆၀၅ | ၆၀၅ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၃၅၀ | - | ၃၅၀ | ၃၅၀ | - | - |
| | စုစုပေါင်း | ၂၀၄၃၀၅ | ၁၃၀၇၉၈ | ၇၃၅၀၇ | ၆၄၉၉၁ | ၉၂၄၂ | ၇၂၆ |

၆။ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံများတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၂၄၂ ဖြစ်ပြီး ရပ်ကွက် ၄ ရပ်ကွက်ရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်ထက် ၇၂၆ ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | ထုတ်ပေး ရွက်ရေ | မြေပြင်စစ်ဆေးတွေ့ရှိမှု | | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | ပျောက်ဆုံး | အပို |
| ၁ | ( ခ )ရပ်ကွက် | ၆၄၀၀ | ၅၉၁၂ | - | ၅၉၁၂ | ၄၈၈ | - |
| ၂ | ( ဂ )ရပ်ကွက် | ၆၈၅၀ | ၆၄၀၅ | - | ၆၄၀၅ | ၄၄၅ | - |
| ၃ | ( င )ရပ်ကွက် | ၃၇၅၀ | ၃၃၅၀ | - | ၃၃၅၀ | ၄၀၀ | - |
| ၄ | ( စ )ရပ်ကွက် | ၁၈၉၀၀ | ၁၈၆၄၅ | - | ၁၈၆၄၅ | ၂၅၅ | - |
| ၅ | (ဆ)ရပ်ကွက် | ၂၁၄၅၀ | ၂၀၀၀၀ | - | ၂၀၀၀၀ | ၁၄၅၀ | - |
| ၆ | ( ဇ )ရပ်ကွက် | ၉၉၀၀ | ၉၈၆၁ | - | ၉၈၆၁ | ၃၉ | - |
| ၇ | ( ဈ )ရပ်ကွက် | ၁၂၁၅၀ | ၁၁၉၂၆ | - | ၁၁၉၂၆ | ၂၂၄ | - |
| ၈ | (ည)ရပ်ကွက် | ၉၅၅၀ | ၈၆၅၀ | - | ၈၆၅၀ | ၉၀၀ | - |
| ၉ | ( ဋ )ရပ်ကွက် | ၁၉၇၅၀ | ၁၈၄၀၆ | - | ၁၈၄၀၆ | ၁၃၄၄ | - |
| ၁၀ | ချမ်းမြသာယာ ရပ်ကွက် | ၆၁၀၀ | ၅၄၀၀ | - | ၅၄၀၀ | ၇၀၀ | - |
| ၁၁ | ငွေတော်ကြည်ကုန်း ရပ်ကွက် | ၁၈၇၀၀ | ၁၆၃၁၀ | - | ၁၆၃၁၀ | ၂၃၉၀ | - |
| ၁၂ | တံခွန်တိုင်ရပ်ကွက် | ၁၅၁၀၀ | ၁၄၇၀၀ | - | ၁၄၇၀၀ | ၄၀၀ | - |
| ၁၃ | ထိန်ကုန်းရပ်ကွက် | ၅၇၅၀ | ၅၅၄၃ | - | ၅၅၄၃ | ၂၀၇ | - |
| ၁၄ | ( က ) ရပ်ကွက် | ၄၂၅၀ | ၄၂၅၂ | - | ၄၂၅၂ | - | ၂ |
| ၁၅ | ( ဃ ) ရပ်ကွက် | ၉၅၅၀ | ၉၇၈၈ | - | ၉၇၈၈ | - | ၂၃၈ |
| ၁၆ | တောင်မြင့်ရပ်ကွက် | ၄၁၅၀ | ၄၁၉၆ | - | ၄၁၉၆ | - | ၄၆ |
| ၁၇ | သင်ပန်းကုန်း ရပ်ကွက် | ၂၈၀၅၀ | ၂၈၄၉၀ | - | ၂၈၄၉၀ | - | ၄၄၀ |
| | စုစုပေါင်း | ၂၀၀၃၅၀ | ၁၉၁၈၃၄ | - | ၁၉၁၈၃၄ | ၉၂၄၂ | ၇၂၆ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❑ *ကျောဖုံးမှ*

မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် လုပ်ပိုင်ခွင့်များကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ကြောင်း၊ သို့သော် မြန်မာအစိုးရအဆက်ဆက်အနေဖြင့် အထူးအစီရင်ခံစာ တင်သွင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ အဆိုပြုခရီးစဉ်များကို လက်ခံစီစဉ်ပေးခဲ့ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ယခင်အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yanghee Lee အနေဖြင့် ၎င်းလိုက်နာရမည့် code of conduct ကို လိုက်နာမှုမရှိခြင်းကြောင့် ၎င်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖေဖော်ဝါရီ ၁ ရက်နေ့က တာဝန်ယူခဲ့ကြောင်းနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှချမှတ်ထားသည့် မူဝါဒများနှင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအတွင်း ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် ၅ ရပ်တို့ကို ထုတ်ပြန်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး မြန်မာပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းကာ ဒီမိုကရေစီပြောင်းလဲရေးကို ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထုတ်ဖော်ပြောကြားထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေများ၊ အမျိုးသားရေးဦးစားပေးများနှင့် လိုအပ်ချက်များနှင့် အညီ သက်ဆိုင်ရာ ကုလသမဂ္ဂယန္တရားများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများနှင့် ထိတွေ့မှုများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ နားလည်မှုနှင့် အပြုသဘောထိတွေ့မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် စနစ်တကျ တိုးတက်မှုအတွက် များစွာအထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ပါဝင်မှု အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာအပေါ် အထွေထွေဆွေးနွေးမှုတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ သက်ဆိုင်သည့် ကုလသမဂ္ဂအေဂျင်စီများနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့တို့နှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့၏ အဓိကအခန်းကဏ္ဍမှာ အိမ်ရှင်နိုင်ငံ၏ ရည်မှန်းချက်များနှင့် ဦးစားပေးများနှင့်အညီ ထိရောက်သောပေါင်းစည်းမှုများအတွက် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရန်နှင့် အိမ်ရှင်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးရန်ဖြစ်ကြောင်း၊ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အိမ်ရှင်နိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား အပြန်အလှန်ယုံကြည်မှုကို တည်ထောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို လွဲချော်ခဲ့သည်။ သို့သော်လည်း မန်ယူအသင်းရော အေစီမီလန်အသင်းပါ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။

ပွဲချိန် ၁၂ မိနစ်တွင် အေစီမီလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သော်လည်း VAR စနစ်ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် နစ်နစ်ခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန် ထိုးဖောက်မှုများရှိသော်လည်း ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

**ဦးဆောင်ဂိုး ရရှိခဲ့**

ဒုတိယပိုင်းအစတွင် မန်ယူအသင်းသည် ကစားကွက်အပြောင်းအလဲပြုလုပ်ကာ မာရှယ်၏နေရာကို ဒီယာလိုဖြင့် အစားထိုးခဲ့ သည်။ ထို့နောက် မန်ယူအသင်းဖိအားပေးကစားလာနိုင်ခဲ့ပြီး ဦးဆောင်ဂိုး ရရှိခဲ့သည်။ အဆိုပါ ဦးဆောင်ဂိုးကို လူစားဝင်ကစားသမား ဒီယာလိုက ပွဲချိန် မိနစ် ၅၀ တွင် မန်ယူအသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်အသင်းကလည်း နည်းဗျူဟာအပြောင်းအလဲအဖြစ် ဒီယက်စ်၏ နေရာကို တိုနယ်လီ၊ အလက်ဆစ်၏ နေရာကို ဆမ်မြူရယ်ဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို ပွဲချိန် ၈၀ ကျော်သည်အထိ မြင်တွေ့ခဲ့ရခြင်း မရှိချေ။

**ဒုတိယအကျော့ ယှဉ်ပြိုင်ကစားမည်**

အေစီမီလန်အသင်းအတွက် အဖိုးတန်ချေပဂိုးကို ဒုတိယပိုင်း ပွဲချိန်ပြီးခါနီးတွင် ကရူနစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ကေဂျားက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုတွင် အသာစီးရယူထားနိုင်ခဲ့သော်လည်း ဂိုးပေါက်ကန်သွင်းယူမှုအပိုင်းတွင် အေစီမီလန်အသင်းအပေါ် အသာစီးရယူထားနိုင်ခြင်း မရှိချေ။ အဆိုပါနှစ်သင်း၏ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၉ ရက်တွင် အေစီမီလန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၅ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အေစီမီလန်အသင်းက လာမည့်ပွဲစဉ်အဖြစ် မတ် ၁၅ ရက်တွင် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

# ပြည်သူ့အငှားအိမ်ရာအခန်း (၁၀၀၀၀)တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဝန်ကြီးဌာနမှ စတင်အဆိုပြုဆွေးနွေးပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စီမံကိန်းဆောင်ရွက်ရန် အတည်ပြုချက်ရရှိ

**နေပြည်တော် မတ် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလစီးပွားရေးကုစားမှုအစီအစဉ်အရ ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ၏ နေထိုင်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ “ ပြည်သူ့အငှားအိမ်ရာ အခန်း (၁၀၀၀၀) တည်ဆောက်ရေးစီမံကိန်း ” ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



### တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးဝင်းတင့်နှင့် မန္တလေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLAC)နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်းချုပ် (MDA)တို့မှ တာဝန်ရှိသူများသည် Virtual Meeting ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက “ပြည်သူ့အငှားအိမ်ရာအခန်း(၁၀၀၀၀)တည်ဆောက်ရေးစီမံကိန်း” ကို ဆောင်ရွက်ရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဝန်ကြီးဌာနမှ စတင် အဆိုပြုဆွေးနွေးပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စီမံကိန်းဆောင်ရွက်ရန် အတည်ပြုချက် ရရှိပါကြောင်း၊ ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာလိုအပ်ချက်များ ပြီး အိမ်ငှားခဈေးနှုန်း ကြီးမြင့်သည့်အတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များမှ ပထမငွေကြေးအရင်းအနှီးစိုက်၍ တည်ဆောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ရရှိ ဘဏ္ဍာရန်ပုံငွေ တစ်ရပ်ရပ်မှ ပြန်လည်ပေးချေသည့် စနစ်ဖြင့် အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

### အသစ်ပြန်လည်ဖွဲ့စည်းထား

စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ဒေသအလိုက် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ အခြေခံအဆောက်အဦ လိုအပ်ချက်၊ ဘဏ္ဍာငွေပံ့ပိုးပေးရေး၊ လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ယခုစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ခွင့်ပြုပေးထားပြီး ဖေဖော်ဝါရီ ၂၅ ရက်စွဲဖြင့် “ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းဦးစီးကော်မတီ” ကို အသစ်ပြန်လည်ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးကော်မတီအဖွဲ့ဝင်အသစ်များအား စီမံကိန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရန်နှင့် အခန်း (၁၀၀၀၀)စီမံကိန်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရန်လျာထားခဲ့သော်လည်း ယခုအခါ ပထမအဆင့် Phase ( 1 ) အဖြစ် အခန်း ၅၀၀၈ ကို ပြီးစီးအောင် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ၊ Phase ( 2 )အဖြစ် ကျန်ရှိသည့် အခန်း ၄၉၉၂ ကို ဆက်လက်အကောင်အထည်ဖော်သွားရန်၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားမှုတို့ကို သိရှိရန် ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

စီမံကိန်းအတွက် ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေများကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိပြီး နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့မှလည်း အခြေခံအဆောက်အအုံများ ( ရေ / မီး / လမ်း ) တို့အတွက် ရန်ပုံငွေလိုအပ်ချက်၊ လုပ်ငန်းလိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ စီမံကိန်း၏ မူလရည်မှန်းချက်ဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးနှင့် ငွေကြေးစီးဆင်းလည်ပတ်မှုကို အထောက်အကူဖြစ်စေရေးကိုဦးတည်၍ စီမံကိန်းလိုအပ်ချက်များအပေါ် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်က နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA)နှင့် မြန်မာ မြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက ပြည်သူ့အငှား အိမ်ရာအခန်း (၁၀၀၀၀) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေးဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ၂၀၁၇ နှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အသေးစိတ်သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ အတည်ပြုရန်အချက်များနှင့် ဆုံးဖြတ်ရန်အချက်များ ချမှတ်ခြင်းများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြသည်။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ဦးစီးကော်မတီအသစ်ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်သူ့အငှားအိမ်ရာစီမံကိန်း အခန်း (၁၀၀၀၀) ဆောက်လုပ်မည့် စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် အိမ်ရာအခန်းပေါင်း(၇၀၄) ခန်း အဆောက်အဦလုံးရေ(၄၄)လုံး၊ ရန်ကုန်မြို့ ဒဂုံတောင်မြို့နယ်တွင် အိမ်ရာအခန်းပေါင်း (၆၂၈၈) ခန်း အဆောက်အဦလုံးရေ (၃၉၃)လုံးနှင့် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်တွင် အိမ်ရာအခန်းပေါင်း (၃၀၀၈) ခန်း အဆောက်အဦ (၁၈၈ )လုံးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့် အိမ်ခန်း (၅၀၀၈) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ပြီးစီးအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

* *ရှေ့ဖုံးမှ*

ပင်လောင်းမြို့နယ်၊ ကျိုင်းတောင်းမြို့၊ မိုင်းကိုင်မြို့၊ ကွန်ဟိန်းမြို့၊ ကာလိမြို့၊ မိုင်းရှူးမြို့၊ လင်းခေးမြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့နှင့် နမ့်စန်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နှင့် ရွှေဘိုမြို့များရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အုတ်ဖိုမြို့၊လက်ပံတန်းမြို့၊ မင်းလှမြို့၊ မိုးညိုမြို့၊ ကြို့ပင်ကောက်မြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ သာယာဝတီမြို့နှင့် ပန်းတောင်းမြို့များအတွင်း ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။


ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများတွင် အက်စ်ထရာဇနီကာဆေး ထုတ်လုပ်တော့မည်

ကျိုဒို မတ် ၁၂

**ဗြိတိန်နိုင်ငံ၏ အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် ထုတ်လုပ်မှုစတင်တော့မည်ဟု ဂျပန်ဆေးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဒိုင်ချီ ဆန်ကျိုက မတ် ၁၂ ရက်တွင် ပြောသည်။ အချို့သောဥရောပနိုင်ငံများတွင် ကာကွယ်ဆေးထိုးပြီးသည့်နောက် သွေးခဲသွေးပျစ်မှုများ ဖြစ်ပေါ်လာသည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် ဂျပန်နိုင်ငံတွင် ကာကွယ်ဆေးထုတ်လုပ်တော့မည့် သတင်းထွက်လာခြင်း ဖြစ်သည်။**



ဒိုင်ချီ ဆန်ကျိုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နေသည်ကို တွေ့ရစဉ်။

ဖေဖော်ဝါရီလအတွင်းက ထားရှိထားသည့် သဘောတူညီမှုအပေါ် အခြေခံကာ အက်စ်ထရာဇနီကာကုမ္ပဏီမှ ထောက်ပံ့ပေးမှုဖြင့် လိုအပ်သည့် ပစ္စည်းစုဆောင်းမှုကို ဂျပန်ဆေးဝါးကုမ္ပဏီက မတ် ၁၁ ရက်တွင် စတင်ခဲ့သည်။

ဂျပန်အစိုးရထံမှ ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် ကာကွယ်ဆေးများကို ချက်ချင်းထောက်ပံ့ပေးနိုင်တော့မည်ဟု အက်စ်ထရာဇနီကာမှ အရာရှိတစ်ဦးက ပြောသည်။ အက်စ်ထရာဇနီကာ ကုမ္ပဏီသည် ဖေဖော်ဝါရီလအတွင်းမှစတင်ကာ ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရေးအတွက် လျှောက်ထားခဲ့သည်။

ဂျပန်နိုင်ငံအတွက် ကာကွယ်ဆေးအလုံးရေ သန်း ၁၂၀ ထောက်ပံ့ပေးနိုင်ရေးအတွက်လည်း ရည်ရွယ်ထားသည်။ အဆိုပါပမာဏသည် လူ သန်း ၆၀ အတွက် လုံလောက်သောပမာဏဖြစ်သည်။

ကာကွယ်ဆေးသန်း ၁၂၀ အနက် သန်း ၃၀ မှာ ဒိုင်ချီ ဆန်ကျိုတွင် ထုတ်လုပ်မည်ဖြစ်ပြီး နောက်ထပ်ဆေးဝါး ကုမ္ပဏီဖြစ်သည့် KM Biologics ကုမ္ပဏီနှင့် JCR ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့သည်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၉၀ ကို ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးပြီးသည့်နောက်တွင် သွေးခဲမှုဖြစ်ပေါ်သည့် လူအချို့ကို မတ် ၁၁ ရက်မှစတင်ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု ဥရောပဆေးအေဂျင်စီက ပြောသည်။ ဥရောပနိုင်ငံအချို့တွင် လူပေါင်း ငါးသန်းနီးပါး ကာကွယ်ဆေး ထိုးပေးပြီးနောက် သွေးခဲခြင်း ဖြစ်ပွားသူ ၃၀ နီးပါးရှိသည့်အတွက် ဗြိတိန် ဆေးကုမ္ပဏီမှ ထုတ်လုပ်သည့် ကာကွယ်ဆေးကို ရပ်နားထားသည်။ ထိုင်းနိုင်ငံတွင်လည်း မတ် ၁၁ ရက်မှစတင်ကာ အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးနှံမှုကို ဆိုင်းငံ့ထားသည်ဟု သိရသည်။

**ကျိုဒို**

## အမေရိကန်ပြည်သူများ ပုံမှန်ဘဝပြန်လည်ရရှိရေးအတွက် ရည်ရွယ်လုပ်ဆောင်သွားမည်ဟု ဘိုင်ဒင်ပြော

**ဝါရှင်တန် မတ် ၁၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် က ကိုဗစ်-၁၉ ထိန်းချုပ်ရေး အစီအစဉ်နှင့် ဇူလိုင်လ ၄ ရက် လွတ်လပ်ရေးနေ့ မတိုင်မီ ပုံမှန်ဘဝ ပြန်လည်ရရှိရေးအတွက် မဟာဗျူဟာတစ်ရပ်ကို ဖွင့်ချပြောဆိုခဲ့သည်။ အမေရိကန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသွားအလာ ပိတ်ဆို့ကန့်သတ်ခြင်း တစ်နှစ်ပြည့်သည့်နေ့တွင် ရုပ်မြင်သံကြား မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

မေ ၁ ရက်တွင် အမေရိကန်ပြည်ထောင်စုရှိ နယ်မြေများနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခွင့်ရှိသူတိုင်း ထိုးခွင့်ရရေး ညွှန်ကြားဆောင်ရွက်သွားမည်ဟု ဘိုင်ဒင်က ပြောသည်။ ထို့ကြောင့် မိသားစုများနှင့် သူငယ်ချင်းများသည် အဖွဲ့လိုက် ပြန်လည်စုစည်းခွင့်ရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လွတ်လပ်ရေးနေ့အမီ ယင်းကိစ္စကို အကောင်အထည်ဖော်မည်ဖြစ်ပြီး ဗိုင်းရပ်စ်နှိပ်စက်မှုဒဏ်မှ လွတ်မြောက်သည့်နေ့ ဖြစ်လာရမည်ဟုလည်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုကင်းဝေးစေရေး အစီအမံများကို သတိထားလိုက်နာကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။

ပြည်သူများ အနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်၊ လူမှုဝေးကွာ အလေ့အကျင့်များ ဆက်လက် ကျင့်သုံးရန်နှင့် ကျန်းမာရေး ဂရုစိုက်ကြရန်လည်း တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်

## အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် ပေါက်ကွဲမှုကြောင့် အသေခံဗုံးခွဲသမားနှစ်ဦး သေဆုံး

**ကဘူးလ် မတ် ၁၂**

အာဖဂန်နစ္စတန် နိုင်ငံ အရှေ့ပိုင်း ဝါဒတ်ပြည်နယ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အသေခံဗုံးခွဲသမားနှစ်ဦး သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက သတင်းထုတ်ပြန်သည်။

အထူးတပ်ဖွဲ့၏ စစ်ဆင်ရေး အခြေစိုက်စခန်းကို စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး ဝါဒတ်ပြည်နယ် မိုင်ဒန်ရှာမြို့တွင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ပေါက်ကွဲမှုကြောင့် ကြောက်မက်ဖွယ် အသံပေါ်ထွက်လာပြီး ကောင်းကင်ယံတွင် မီးခိုးများကို မြင်တွေ့ရသည်ဟု အဗ္ဗဒူ ဝါဟစ်ဒ်က ဆင်ဟွာသို့ ပြောသည်။ မိုင်ဒန်ရှာမြို့သည် မြို့တော်ကဘူးလ်၏ အနောက်ဘက် ၃၅ ကီလိုမီတာအကွာတွင် ရှိသည်။

ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ပေါက်ကွဲသံကို ကဘူးလ်မြို့အထိ ကြားရကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုမှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးချေ။

**ဆင်ဟွာ**

## လော့စ်အိန်ဂျလိစ်မြို့တွင် လာမည့်သီတင်းပတ်အတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်မည်

**လော့စ်အိန်ဂျလိစ် မတ် ၁၂**

လာမည့်သီတင်းပတ် တနင်္လာမှစတင်ကာ လော့စ်အိန်ဂျလိစ်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် စတင်မည်ဟု သိရသည်။ ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်လည်း မျှော်လင့်ထားသည်ဟု အာဏာပိုင်များက မတ် ၁၁ ရက်တွင် ပြောသည်။

လော့စ်အိန်ဂျလိစ်တွင် မတ် ၁၅ ရက်မှ ၁၇ ရက်ကြားတွင် ကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ခွင့်ပေးမည်ဖြစ်ပြီး ကန့်သတ်ထိန်းချုပ်ထားမှုများကို ဖြေလျှော့ရန်အတွက် အရည်အချင်းပြည့်မီသည်ဟု လော့စ်အိန်ဂျလိစ်ပြည်သူ့ကျန်းမာရေးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ရုပ်ရှင်ရုံများကိုလည်း ဝင်ဆံ့သည့် ပမာဏ၏ ၂၅ ရာခိုင်နှုန်းသာ ကြည့်ရှုခွင့်ပေးခြင်း၊ ကာကွယ်ရေးအစီအမံများဖြင့် ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။

အဆိုပါခြေလှမ်းသည် ရုပ်ရှင်ရုံများ ပြန်လည်နာလန်ထူနိုင်ရေးအတွက် အဓိကကျသည့် ခြေလှမ်းလည်းဖြစ်သည်။ စားသောက်ဆိုင်များတွင်လည်း ဝင်ဆံ့နိုင်သည့် ဦးရေ၏ လူ ၂၅ ရာခိုင်နှုန်းအထိ ဝင်ခွင့်ပေးကာ ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ အဆောက်အအုံအတွင်း အလုပ်လုပ်ကိုင်ရမည့် ဝန်ထမ်းများအားလုံး ကာကွယ်ဆေးထိုးရန် အခွင့်အလမ်းရှိသည်ဟု ပြည်သူ့ကျန်းမာရေးအရာရှိများက ပြောသည်။

ဈေးဝယ်စင်တာကြီးများတွင်လည်း ဝင်ဆံ့သည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ခွင့်ပြုပေးမည်ဖြစ်သည်။ ဒေသတွင်းကျောင်းများတွင်လည်း ၇ တန်းမှ ၁၂ တန်းအထိ ကျောင်းသားများအတွက် ကျောင်းပြန်လည်ဖွင့်လှစ်ခွင့်ပေးထားခဲ့သည်။ ကာကွယ်ဆေး နှစ်ကြိမ်တိုင် အပြည့်အဝထိုးပြီးသူများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်စရာမလိုဘဲ လူအနည်းငယ်စုဝေးခွင့်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**




လော့စ်အိန်ဂျလိစ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံရာတွင် ပြီးဆုံးသည်အထိ ဆောင်ရွက်ကြရန် ဒေသခံများကို မော်လ်ဒိုက်သမ္မတ တိုက်တွန်း

**မာလေး မတ် ၁၂**

မော်လ်ဒိုက်နိုင်ငံ သမ္မတအီဘရာဟင်မိုဟာမက် ဆိုလီက ဒေသခံများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံရာတွင် ပြီးဆုံးသည်အထိ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း ဒေသမီဒီယာတစ်ခုတွင် ဖော်ပြခဲ့သည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများကို မကြာမီစတင်သွားရန် စီစဉ်ထားကြောင်း သမ္မတ ဆိုလီက မတ် ၁၀ ရက်က အွန်လိုင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်းရှိ ပြည်သူအားလုံးကို ကာကွယ်ဆေးထိုးနှံခြင်းသည် ကပ်ရောဂါကို နောက်ချန်ရစ်ရန် အမြန်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အစိုးရ၏မူဝါဒမှာ နိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် အထောက်အထားမဲ့ လူပုဂ္ဂိုလ်များအပါအဝင် တစ်ဦးတစ်ယောက်ချင်းစီကို ကာကွယ်ဆေးအခမဲ့ရရှိရေးဖြစ်ကြောင်း သမ္မတက ဆက်လက်ပြောကြားလိုက်သည်။

မော်လ်ဒိုက်အစိုးရသည် တတိယအဆင့် ဆေးရုံငါးခုတည်ဆောက်ခြင်းနှင့် အက်ဒူနှင့် ကူလ်ဟက်ဟွတ်ဖူရှီမြို့များရှိ ဆေးရုံများကို အဆင့်မြှင့်တင်ခြင်းအပါအဝင် ဗဟိုလုပ်ကိုင်ခွင့်ပြုမှုမှတစ်ဆင့် ကျန်းမာရေးကဏ္ဍများတွင် အားနည်းချက်များကို ကိုင်တွယ်ရန် လုပ်ကိုင်လျက်ရှိကြောင်း သမ္မတက အသိပေးပြောကြားသည်။

ထို့အပြင် ကျန်းမာရေးဝန်ထမ်းများနှင့် ရှေ့တန်းမှအလုပ်သမားများကို ကပ်ရောဂါတိုက်ဖျက်ရေးတွင် ၎င်းတို့၏ စုပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ကြောင်းလည်း သမ္မတက ပြောကြားလိုက်သည်။

**ဆင်ဟွာ**



မော်လ်ဒိုက်နိုင်ငံ သမ္မတ အီဘရာဟင်မိုဟာမက် ဆိုလီ။




ပါကစ္စတန်တွင် သက်ကြီးရွယ်အိုတစ်ဦးအား ကာကွယ်ဆေး ထိုးနှံပေးနေသည်ကိုတွေ့ရစဉ်။

## ပါကစ္စတန်တွင် အသက် ၆၀ နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံ

**အစ္စလမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံတွင် အသက် ၆၀ နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၁၀ ရက်တွင် စတင်ခဲ့ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ ကျန်းမာရေးဆိုင်ရာ အထူးလက်ထောက် ဖေဆယ်ဆော်လ်တန်က ပြောကြားလိုက်သည်။

သက်ကြီးရွယ်အို အုပ်စုများကို တစ်နိုင်ငံလုံး ကာကွယ်ဆေးထိုးနှံခြင်း ဒုတိယဆင့်တွင် ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း ဆော်လ်တန်က ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းထားသော ကာကွယ်ဆေးများ ရောက်ရှိပြီးနောက် ဖေဖော်ဝါရီလတွင် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် သီတင်းပတ်တွင် ပါကစ္စတန်နိုင်ငံ ဆေးဝါးကြီးကြပ်ရေးအာဏာပိုင်အဖွဲ့က အသက် ၆၀ နှင့်အထက် ပြည်သူများအတွက် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၅၉၅၂၃၉ ဦးနှင့် သေဆုံးသူ ၁၃၃၂၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်လိုက်သည့် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သည့်လူနာပေါင်း ၂၀၀၀ ကျော်အထိ နှစ်ရက်ဆက်တိုက်ရောက်ရှိ

**ဆော်ပိုလို မတ် ၁၂**

ဘရာဇီးနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ရသည့် လူနာပေါင်း နှစ်ထောင်ကျော်အထိ နှစ်ရက်ဆက်တိုက် ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ မတ် ၁၁ ရက် ထုတ်ပြန်ကြေညာချက်တွင် ဘရာဇီးနိုင်ငံ၌ မတ် ၁၁ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သည့် လူနာ ၂၂၃၃ ဦးရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်းမှာ ၂၇၂၈၈၉ ဦးအထိရောက်ရှိလာခဲ့ကြောင်းဖော်ပြထားသည်။

မတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၂၂၈၆ ဦးရှိခဲ့ပြီး ယင်းမှာ ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားလာချိန်ကတည်းမှစကာ တစ်နေ့အတွင်း ပထမဆုံးအကြိမ်လူပေါင်း ၂၀၀၀ ကျော် ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၅၄၁၂ ဦးရှိခဲ့ပြီး ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၇၇၇၁၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ မတ် ၁၁ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဘရာဇီးနိုင်ငံမီဒီယာ၏ ဖော်ပြချက်အရ ဘရာဇီးနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေမှာ ဆိုးရွားလာခဲ့ကြောင်း၊ ပြည်နယ်အသီးသီးရှိ ကျန်းမာရေးဌာနများထုတ်ပြန်ခဲ့သော ကြေညာချက်များအား စာရင်းပြုစုချက်အရ မတ် ၁၁ ရက်အထိ လွန်ခဲ့သော တစ်ပတ်အတွင်း ဘရာဇီးနိုင်ငံတွင် နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ဖြစ်ပွားသူ ၆၉၆၈၀ ရှိခဲ့ပြီး လွန်ခဲ့သည့် နှစ်ပတ်ကျော်ချိန်ကထက် ၃၀ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ကပ်ရောဂါဖြစ်ပွားသည့် ကာလတစ်လျှောက် အများဆုံးဖြစ်ကြောင်း သိရသည်။ နေ့စဉ် ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူများမှာလည်း ပျမ်းမျှအားဖြင့် ၁၇၀၅ ဦးရှိခဲ့ပြီး လွန်ခဲ့သည့် နှစ်ပတ်အချိန်ကထက် ၄၉ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး အမြင့်ဆုံးစံချိန်အဖြစ် တင်ရှိခဲ့ကြောင်း သိရသည်။ ဆော်ပိုလိုပြည်နယ်သည် ဘရာဇီးတွင် ကပ်ရောဂါအဆိုးရွားဆုံးဖြစ်ပွားသည့် ပြည်နယ်တစ်ခုအဖြစ် ဆက်လက်တည်ရှိသည်။ မတ် ၁၁ ရက်အထိ ယင်းပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၂ ဒသမ ၁၆ သန်းကျော်ရှိခဲ့ပြီး ရောဂါကြောင့်သေဆုံးခဲ့ရသူ ၆၃၀၀၀ ကျော်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းပြုစုချက်အရ သိရသည်။

ဆော်ပိုလိုပြည်နယ်အစိုးရ၏ထုတ်ပြန်ချက်အရ မတ်လ ၁၁ ရက်အထိ ပြည်နယ်အတွင်းရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူသော ကိုဗစ်-၁၉ ခံစားနေရသည့်ရာခိုင်နှုန်းမှာ ၈၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ကြောင်းနှင့် ကပ်ရောဂါဖြစ်ပွားသည့်အချိန်မှစကာ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ ဆေးဝါးကုသမှု စနစ်မပြိုလဲစေရန်နှင့် ကပ်ရောဂါဆက်လက်မပြန့်ပွားစေရန်အတွက် မတ် ၁၅ ရက်မှ ၃၀ ရက်အထိ ပြည်နယ်တစ်ခုလုံးအရေးပေါ်အခြေအနေပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဆော်ပိုလိုပြည်နယ်အစိုးရက မတ် ၁၁ ရက်က ထုတ်ပြန် ဖော်ပြလိုက်သည်။ အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအတွင်း ဆော်ပိုလိုပြည်နယ်တွင် နေ့စဉ် ၂၀ နာရီမှ နောက်နေ့ နံနက် ၅ နာရီအချိန်အထိ ညမထွက်အမိန့်ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ညမထွက်ရအချိန်အတွင်း ပြည်နယ်အစိုးရအနေဖြင့် ကင်းလှည့်မှုများကိုပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဘရာဇီးနိုင်ငံ ကိုဗစ်-၁၉ ဖြစ်စဉ်တွင် သေဆုံးခဲ့သူမိသားစုများကြား တစ်ဦးနှင့်တစ်ဦး အားပေးနေသည်ကို တွေ့ရစဉ်။

## နိုင်ငံအတွင်း ကူးစက်မှုများတွင် ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်များ လွှမ်းမိုးလာကြောင်း ဂျပန်နိုင်ငံ ကိုဗစ်-၁၉ ကျွမ်းကျင်ပညာရှင်အကြံပေးအဖွဲ့အကြီးအကဲပြော

**တိုကျို မတ် ၁၂**

ဂျပန်အစိုးရ၏ ကိုဗစ်-၁၉ ဆိုင်ရာ ကျွမ်းကျင်ပညာရှင် အကြံပေးအဖွဲ့အကြီးအကဲက နိုင်ငံအတွင်း ကူးစက်မှုများတွင် ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် အမျိုးအစားများ လွှမ်းမိုးလာနေခြင်းနှင့်ပတ်သက်ပြီး ပြင်ဆင်ထားရန် လိုကြောင်းနှင့် အဆိုပါ ဗိုင်းရပ်စ်သစ်အမျိုးအစားကို စောင့်ကြည့်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ဆိုင်ရာ ကျွမ်းကျင်ပညာရှင် အကြံပေးအဖွဲ့အကြီးအကဲ ဖြစ်သူ မစ္စတာ အိုမီ ရှီဂီရူက မတ် ၁၀ ရက်က အောက်လွှတ်တော်တွင် ကျင်းပခဲ့သည့် ကျန်းမာရေး၊ အလုပ်သမားရေးနှင့် လူမှုဖူလုံရေး ကော်မတီ အစည်းအဝေးတစ်ခုတွင် ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

မူလ ကိုဗစ်-၁၉ နေရာတွင် ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် အစားထိုးနေရာယူသည့် ဖြစ်စဉ်များ စတင်နေသည်မှာ သေချာကြောင်း ၎င်းက ပြောကြားလိုက်သည်။

ထို့အပြင် မကြာခင် အချိန်အတွင်းတွင် မျိုးရိုးဗီဇပြောင်းအမျိုးအစား ကူးစက်မှုများ၏ အဓိကအကြောင်းရင်းဖြစ်လာမည်ဟု ၎င်းက ဆက်လက် ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ အလွန် ခံနိုင်ရည်ရှိတဲ့အနာဂတ်ကို ပြန်လည်တည်ဆောက်ဖို့ မလွယ်သေးတဲ့ အခွင့်အရေးနဲ့အတူ ရှင်သန်နေထိုင်နေရတဲ့ ကမ္ဘာကြီး

ထွန်းကျော်

**ကမ္ဘာကြီးဟာ ကိုဗစ်-၁၉ အလွန် ခံနိုင်ရည်ရှိတဲ့အနာဂတ်ကို ပြန်လည်တည်ဆောက်ဖို့ အခွင့်အရေးကို လက်လွှတ်ရတော့မယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးက သူ့ရဲ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၂၀ ရာခိုင်နှုန်း ထက်နည်းတဲ့ ပြန်လည်ထူထောင်ရေးရန်ပုံငွေကို ဖော်ပြထားတဲ့ သုံးသပ်ချက်နဲ့အတူ ပြောကြားထားပါတယ်။**

**မမျှော်မှန်းနိုင်တဲ့စီးပွားရေး ကျဆင်းလာ**

ကိုဗစ်-၁၉ ကြောင့် မမျှော်မှန်းနိုင်တဲ့ စီးပွားရေးကျဆင်းလာခြင်းကြောင့် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုလည်း ၂၀၂၀ မှာ အံ့သြဖွယ်ကျဆင်းလာခြင်းကို တွေ့မြင်ရပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများမှသည် နိုင်ငံတကာစွမ်းအင်အေဂျင်စီအဖွဲ့အစည်းများက ရုပ်ကြွင်းလောင်စာစွမ်းအင် ပြန်လည်အသုံးပြုလာမယ့်အပေါ် သတိပေးထားပါတယ်။

ကုလသမဂ္ဂက ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်ခြင်းဟာ ခုနစ်ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း၊ ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်ရည်မှန်းချက်ကို ထိန်းသိမ်းနိုင်ခဲ့သလို ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ အခွင့်အလမ်းများကို အသုံးပြုဖို့ အစိုးရက မျှော်လင့်**

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ပိုမိုလက်ခံလာပြီး အခါတိုင်းထက် ပိုမိုလိုအပ်လာမှုနဲ့အတူ စီးပွားရေးတွေကို သဘာဝပတ်ဝန်းကျင်နဲ့ ကိုက်ညီမှုနဲ့အတူ စီးပွားရေးနာလန်ထူမှုများကိုလည်း သဘာဝအတိုင်း ဖြစ်ပေါ်လာရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ အခွင့်အလမ်းများကို အသုံးပြုဖို့ အစိုးရများကလည်း မျှော်လင့်ထားကြပါတယ်။

သို့သော်လည်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်က ကပ်ရောဂါ ပြန်လည်နာလန်ထူရေး ဘဏ္ဍာငွေ ၁၈ ရာခိုင်နှုန်း သုံးစွဲမှုသည် သဘာဝပတ်ဝန်းကျင်နဲ့ကိုက်ညီတယ်လို့ ပြောကြားခဲ့ပါတယ်။ အဲဒီမှာ ပြန်လည်ပြည့်ဖြိုးမြဲ သို့မဟုတ် ကာဗွန်စွမ်းအင်အနည်းဆုံး လုပ်ငန်းစီမံချက်နဲ့ သဘာဝအခြေပြုလုပ်ငန်းများ ပါဝင်ပါတယ်။

**ရာသီဥတုပြောင်းလဲရေးနှင့် လိုက်လျောညီထွေမဖြစ်သေး**

စီးပွားရေး ပြန်လည်ထူထောင်ရေး ဘဏ္ဍာငွေ သုံးစွဲမှုများရှိသော်လည်း မိမိတို့အနေနဲ့ အကောင်းဆုံး ပြန်လည်မတည်ဆောက်နိုင်သေးကြောင်း ကုလသမဂ္ဂစွမ်းအင်အစီအစဉ်ရဲ့ ညွှန်ကြားရေးမှူး အင်ဂါအန်ဒါဆန်က ပြောကြားလိုက်ပါတယ်။

ယခုအချိန်အထိ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အပေါ် ဘဏ္ဍာငွေသုံးစွဲမှုသည် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ အကျပ်အတည်းများနှင့် လိုက်လျောညီထွေသိပ်မရှိသေးကြောင်း ၎င်းက ဆက်ပြောပါတယ်။



သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ကမ္ဘာကြီးကို ဖော်ညွှန်းထားသော ကိုယ်စားပြုဖော်ပြထားသည့် ပုံတစ်ပုံ။

**သဘာဝပတ်ဝန်းကျင်အတွက်လျာထား**

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်လေ့လာမှုက ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကစီးပွားရေးလုပ်ငန်း ၅၀ မှာ ကြေညာထားသော ဘဏ္ဍာငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံအနက် အမေရိကန်ဒေါ်လာ ၃၄၁ သန်းကို သဘာဝပတ်ဝန်းကျင်လုပ်ငန်းများအတွက် လျာထားတယ်လို့ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ လျော့ပါးရေးနဲ့ ပြန်လည်ထူထောင်ရေးမှာ အသုံးပြုတဲ့ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ ထရီလီယံအနက် အမေရိကန်ဒေါ်လာ ၃၆၈ ဘီလီယံဟာ သဘာဝပတ်ဝန်းကျင်အတွက်ဖြစ်ပါတယ်လို့ လေ့လာမှု အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နိုင်ငံတချို့ဟာ သဘာဝပတ်ဝန်းကျင်ကို ဦးတည်ပြီး ဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံအများအပြားကတော့ အဲဒါကို အကောင်အထည်ဖော်ဖို့ အတော်လေး အလှမ်းကွာဝေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။

**“ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်လေ့လာမှုက ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်း များအတွက် အဓိကစီးပွားရေး လုပ်ငန်း ၅၀ မှာ ကြေညာထားသော ဘဏ္ဍာငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံအနက် အမေရိကန်ဒေါ်လာ ၃၄၁ သန်းကို သဘာဝပတ်ဝန်းကျင်လုပ်ငန်းများအတွက် လျာထား”**

**ကျန်းမာရေးရဲ့ ဆိုးကျိုး**

နိုင်ငံအများစုဟာ မသန့်ရှင်းတဲ့ စွမ်းအင်တွေနဲ့ပတ်သက်ပြီး နာမည်ဖော်ပြခြင်းခံထားရပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ တရုတ်၊ အိန္ဒိယတို့ပါဝင်ပြီး သူတို့ဟာ ပြည်တွင်းကျောက်မီးသွေးသုံးစက်ရုံတွေကို တွင်တွင်ကျယ်ကျယ် သုံးစွဲထားတယ်လို့ ဖော်ပြထားပါတယ်။ ထို့အတူပဲ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုနှင့် ဩစတြေးလျတို့ဟာ ရေနံနဲ့ ဓာတ်ငွေ့ထုတ်ဖော်မှုတွေနဲ့ပတ်သက်ပြီး ဖော်ပြထားပါတယ်။

သူတို့တွေဟာ အခုလိုမသန့်ရှင်းတဲ့ထုတ်လွှတ်မှုတွေအတွက် မူဝါဒတွေ ပိုမိုချမှတ်လေလေ ကျန်းမာရေးမှာလည်း ဆိုးကျိုးတွေဖြစ်လေလေ ဖြစ်ပါတယ်လို့ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**ကာကွယ်ဆေးများအရှိန်အဟုန်ဖြင့် ထိုးနှံ**

တချို့ ကိုဗစ်-၁၉ ဆိုင်ရာ စီးပွားရေးနာလန်ထူရေးဆောင်ရွက်ချက်များထဲမှာတော့ အခုလိုမျိုး အသေးစိတ်ဖော်ပြထားတာ ပါချင်မှ ပါပါလိမ့်မယ်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို ကိုဗစ်-၁၉ နာလန်ထူရေး လုပ်ဆောင်ချက်များထဲမှာ ထည့်သွင်းဖော်ပြလုပ်ကိုင်နေတာကတော့ ကောင်းမွန်တဲ့ အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ ပြီးဆုံးသွားပြီလို့ မဆိုနိုင်သေးသော်လည်း ကမ္ဘာတစ်ဝန်း တချို့နေရာတွေမှာတော့ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းခဲ့သလို တချို့နေရာတွေမှာတော့ တိုးလာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အခုဆိုရင် ကမ္ဘာတစ်ဝန်းမှ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို အရှိန်အဟုန်ဖြင့် ထိုးနှံမှုများ လုပ်ဆောင်နေတာဖြင့် အားရစရာ ကောင်းလှပါတယ်။ ကာကွယ်ဆေးထိုးရေးဆိုင်ရာ လှုပ်ရှားမှုတွေကို အင်တိုက်အားတိုက် ဆောင်ရွက်နေသော်လည်း ကိုဗစ်-၁၉ ကူးစက်မှုတွေ ဆက်လက်ရှိနေသေးတာကြောင့် သက်ဆိုင်ရာအစိုးရတွေက နောက်ထပ်ကန့်သတ်ချက်တွေကို ဆက်လက်လုပ်ဆောင်မှုရဦးမယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြနေသလိုပါပဲ။

**ခုခံကာကွယ်မှုများ လုပ်ဆောင်**

ကာကွယ်ဆေးထိုးမှုတွေ အစုလိုက်အပြုံလိုက် အင်တိုက်အားတိုက် လုပ်ဆောင်နေသော်လည်း ကိုဗစ်-၁၉ ကူးစက်မှုအပေါ် ပေါ့ဆလို့မရဘဲ သတိနဲ့ ဆက်လက်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးဖို့ သက်ဆိုင်ရာအစိုးရတွေက အင်တိုက် အားတိုက် လုပ်ဆောင်နေသော်လည်း ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးကို ယုံကြည်မှုအထိုက်အလျောက် အားနည်းနေသေးတာတွေ့ရပါတယ်။ သို့သော်လည်း တချို့ကတော့ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ဘုရားပေးတဲ့ လက်ဆောင်လို့တောင် ပြောဆိုနေကြပါတယ်။ ဘယ်လိုပဲဆိုဆို မိမိတို့တွေအနေနဲ့ ကိုဗစ်-၁၉ ကို ပေါ့ဆလို့ မရသေးတာကတော့အမှန်ပါ။

ကုလသမဂ္ဂရောဂါထိန်းချုပ်ရေး အေဂျင်စီရဲ့ ခေါင်းဆောင်ဖြစ်သူ အန်ဒရီယာအမ်မွန်က ဥရောပနိုင်ငံတွေကို ကိုဗစ်-၁၉ ဆိုင်ရာ ခုခံကာကွယ်မှုတွေကို လက်မလွှတ်လိုက်နဲ့ဦးလို့ ပြောကြားလိုက်သလို အဲဒီ ကိုဗစ်-၁၉ ဟာ လူသားတွေနဲ့ လိုက်လျောညီထွေနေနိုင်တယ်လို့လည်း သတိပေးပြောကြားလိုက်ပါတယ်။ အလားတူပဲ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကိုလည်း ပြောင်းလဲဖြစ်ပေါ်လာတဲ့ ကိုဗစ်-၁၉ မျိုးစိတ်တွေကို နှိမ်နင်းနိုင်အောင် အချိန်တိုင်း ချိန်ညှိထုတ်လုပ်ဖို့လိုတယ်လို့ သူက ပြောကြားလိုက်ပါတယ်။

**ကြံဆထုတ်လုပ်**

မိမိတို့လူသားတွေနဲ့ အတူတကွ ကျန်ခဲ့မယ့် ကိုဗစ်-၁၉ အတွက် မိမိတို့ဟာ အကောင်းဆုံး ခုခံကာကွယ်မှုတွေ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ မျိုးစိတ်တွေဟာ တစ်နေရာနဲ့ တစ်နေရာ မတူဘဲ အသွင်အမျိုးမျိုးပြောင်းလဲနိုင်သလို သူတို့ကို ကာကွယ်နိုင်မယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကိုလည်း ကျွမ်းကျင်သူတွေက အစဉ်မပြတ် ကြံဆထုတ်လုပ်နေကြပါတယ်။

အခုဆိုရင် ကမ္ဘာပေါ်မှာ သုံးစွဲနေတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ငါးမျိုးထက် မကတော့ပါဘူး။ အဲဒီကာကွယ်ဆေးတွေကတော့ ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်၊ မော်ဒါနာ၊ စပွတ်နစ်ဗွီ၊ ဆီနိုဖမ်း၊ အက်စ်ထရာဇနီကာနဲ့ တခြားကာကွယ်ဆေးတွေ ဖြစ်ပါတယ်။ တချို့ထပ်မံထုတ်လုပ်လျက်ရှိတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကလည်း အတည်ပြုချက်ရရှိဖို့ စောင့်ဆိုင်းနေတယ်လို့လည်း သိရပါတယ်။

**လိုက်လျောညီထွေနေထိုင်ရမယ်**

ထို့အတူပဲ ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာလည်း သန်း ၁၂၀ နီးပါး ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဘယ်လိုပဲဆိုဆို ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး မပြီးသရွေ့တော့ ကျွန်တော်တို့တွေဟာ ဒီကပ်ဆိုးကြီးနဲ့အသားကျအောင် နေတတ်အောင် အလိုက်သင့်လိုက်ပါ ပြောင်းလဲဖို့ လိုလာပြီဖြစ်ပါတယ်။ ဒါမှသာ ကိုဗစ်-၁၉ ကို အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်နိုင်မှာဖြစ်သလို ကိုဗစ်-၁၉ အလွန်ကာလမှာလည်း ဆက်လက်ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မတ် ၅ ရက်မှ ၁၁ ရက် အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၉၂ ဒသမ ၂၀၁ သန်း ဖြစ်ပါသည်။ မတ် ၁၁ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၅-၃-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၀၈,၈၂၄,၁၁၅.၂၉ |
| (+) ၅-၃-၂၀၂၂ မှ ၁၁-၃-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၉၂,၂၀၁,၀၀၀.၀၀ |
| ၁၁-၃-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၂၀၁,၀၂၅,၁၁၅.၂၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၅-၃-၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၅-၃-၂၀၂၂ မှ ၁၁-၃-၂၀၂၂ ရက်နေ့ထိ ရရှိငွေ | - |
| ၁၁-၃-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ အလှူငွေစာရင်း (၅-၃-၂၀၂၂ ရက်နေ့မှ ၁၁-၃-၂၀၂၂ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၅-၃-၂၀၂၂ | ၇၅,၀၀၀ |
| ၁ | ဦးလှမြင့် (ညောင်ဦးမြို့) | ၇၅,၀၀၀ |
| | | |
| | ၈-၃-၂၀၂၂ | ၁,၀၄၀,၀၀၀ |
| ၁ | ဒေါ်မြမြခိုင် ၊ စိုက်ပျိုးရေးရုံး (သံဖြူဇရပ်မြို့) | ၁၀,၀၀၀ |
| ၂ | မဇင်မာလွင် (သံဖြူဇရပ်မြို့) | ၃၀,၀၀၀ |
| ၃ | ဦးစိုးမြင့် (သံလျင်မြို့) | ၁,၀၀၀,၀၀၀ |
| | | |
| | ၉-၃-၂၀၂၂ | ၁၂,၆၀၀,၀၀၀ |
| ၁ | ဒေါ်စိုးစိုးထက် (မော်လမြိုင်မြို့) | ၁၂,၆၀၀,၀၀၀ |
| | | |
| | ၁၀-၃-၂၀၂၂ | ၉,၃၇၈,၅၀၀ |
| ၁ | ဦးငြိမ်းမောင် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၂ | ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါ်ခင်သက်ထား (နေပြည်တော်) | ၈,၉၇၈,၅၀၀ |
| ၃ | ဦးရဲထင်ကျော် +ဒေါ်သော်တာမြင့် (နေပြည်တော်) | ၃၀၀,၀၀၀ |
| | | |
| | ၁၁-၃-၂၀၂၂ | ၆၉,၁၀၇,၅၀၀ |
| ၁ | ဒေါ်နီနီဝင်း (တိုက်ကြီးမြို့) | ၁၀,၀၀၀ |
| ၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် | ၆၉,၀၂၇,၅၀၀ |
| | ဝန်ထမ်းမိသားစုများ (နေပြည်တော်) | |
| ၃ | ဦးဆန်းလင်း (နေပြည်တော်) | ၂၀,၀၀၀ |
| ၄ | ဦးတင်ထွန်း(ပြင်ဦးလွင်မြို့) | ၅၀,၀၀၀ |
| | | |
| | (၅-၃-၂၀၂၂ ရက်နေ့မှ ၁၁-၃-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၉၂,၂၀၁,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၁၂-၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၉၂၈၉၂၅ | ၂၀၇၉၁၂၁၅ | ၅၄၃၇၅၅ |
| ၂။ | အိန္ဒိယ | ၁၁၃၂၇၁၂၉ | ၁၀၉၆၆၇၃၅ | ၁၅၈၄၁၈ |
| ၃။ | ဘရာဇီး | ၁၁၂၈၄၂၆၉ | ၉၉၅၈၅၆၆ | ၂၇၃၁၂၄ |
| ၄။ | ရုရှား | ၄၃၇၀၆၁၇ | ၃၉၇၃၀၂၉ | ၉၁၂၂၀ |
| ၅။ | ဗြိတိန် | ၄၂၄၁၆၇၇ | ၃၃၈၆၆၅၅ | ၁၂၅၁၆၈ |
| ၆။ | ပြင်သစ် | ၃၉၉၀၃၃၁ | ၂၇၀၄၃၃ | ၈၉၈၃၀ |
| ၇။ | စပိန် | ၃၁၇၈၃၅၆ | ၂၈၅၇၇၁၄ | ၇၂၀၈၅ |
| ၈။ | အီတလီ | ၃၁၄၉၀၁၇ | ၂၅၅၀၄၈၃ | ၁၀၁၁၈၄ |
| ၉။ | တူရကီ | ၂၈၃၅၉၈၉ | ၂၆၅၉၀၉၃ | ၂၉၂၉၀ |
| ၁၀။ | ဂျာမနီ | ၂၅၄၈၃၄၂ | ၂၃၄၅၆၀၀ | ၇၃၅၉၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ - ၃ - ၂၀၂၂

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၁၀၁၃၄ | ၁၂၃၁၄၅၄ | ၃၈၂၂၉ |
| ဖိလစ်ပိုင် | ၆၁၁၆၁၈ | ၅၄၆၉၁၂ | ၁၂၆၉၄ |
| မလေးရှား | ၃၂၀၉၃၉ | ၃၀၂၆၆၂ | ၁၂၀၃ |
| မြန်မာ | ၁၄၂၁၂၂ | ၁၃၁၇၂၈ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၈၀ | ၆၉၉၅၀ | ၂၉ |
| ထိုင်း | ၂၆၆၇၉ | ၂၆၀၅၆ | ၈၅ |
| ဗီယက်နမ် | ၂၅၅၀ | ၂၀၈၆ | ၃၅ |
| ကမ္ဘောဒီးယား | ၁၂၂၅ | ၆၁၉ | ၁ |
| ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| လာအို | ၄၈ | ၄၂ | ၀ |

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၂**

နေ့အပူချိန်များမှာ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မြဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့၊ ပဲခူးမြို့၊ သာယာဝတီမြို့၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်) နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၂၄ လက်မ၊ ရေးမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် လောင်းလုံမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။ မိုး/ဇလ

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖေဖော်ဝါရီလ တစ်လတာအတွင်း နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအသွင်မှ အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စု (Anarchy Mob) အသွင်သို့ ကူးပြောင်းလာသည့် အခြေအနေများ၊ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ ရပ်တန့်စေရေး CDM လုပ်ဆောင်လာမှုနှင့် CDM တွင်ပါဝင်လာစေရန် ခြိမ်းခြောက်လှုံ့ဆော်လာသည့် အခြေအနေများ၊ တရားမဝင်သည့် CRPH အဖွဲ့ကို ဖွဲ့စည်းပြီး လူထုဆူပူအုံကြွမှု မြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ခဲ့ပြီး အနာဂတ်လူငယ်လူရွယ်များကို လမ်းပေါ် မထွက်၊ ထွက်အောင် တွန်းအားပေးဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖေဖော်ဝါရီလနှင့် မတ်လဆန်းပိုင်းကာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက်ဆန်စွာ ဆန္ဒပြမှုများနှင့် လုပ်ထုံးလုပ်နည်းနှင့် အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ ပညာတော်သင် သံဃာတော်များကို တပ်မတော်ရေယာဉ်၊ လေယာဉ်များဖြင့် သွားရောက် ခေါ်ဆောင်ပေးခဲ့သည့် အခြေအနေများ၊ CDM လုပ်ဆောင်မှုများကြောင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထု အခက်အခဲဖြစ်ခဲ့ရမှုများနှင့် တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများတွင် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များက ကျန်းမာရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့နိုင်ရေး အမည်ခံကာ သွေးထိုးလှုံ့ဆော်မှုများ၊ ငွေကြေးအလှူခံ အလွဲသုံးစားလုပ်နေသူများကို ထိရောက်သည့် အရေးယူမှုများ ပြုလုပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုနှင့် အလွဲသုံးစားမှု (Corruption) ဖော်ထုတ်တွေ့ရှိချက်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား စစ်ဆေးတွေ့ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။ သတင်းစဉ်

ချက်အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများအား လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ယခင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း အမေရိကန်ဒေါ်လာ ၆ သိန်းကျော်နှင့် အကယ်ဒမီရွှေစင် ၇ ပိဿာတို့အား ပေးအပ်ခဲ့ရသည်ဟု အတိအလင်းထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့သည်ဟု သိရှိရသဖြင့် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ အလားတူ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအေးဇံတို့သည်လည်း အဂတိလိုက်စားမှုများဖြင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိသည့် အခြေအနေများနှင့် သမ္မတဟောင်း ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့နှင့် ပတ်သက်၍လည်း စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ ငွေကြေးလက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သတင်းဆက်လက် ထုတ်ပြန်ပေးသွားမည့် အခြေအနေများနှင့် ယခင်မဲရလဒ် ကြေညာချက်များနှင့် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်များအရ ကွာခြားချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထု သိရှိစေရန် ပြောဆိုချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအား ၂၀၂၁ ခုနှစ်၊ မတ် ၁၁ ရက် ၁၄၀၀ နာရီမှ ၁၇၀၀ နာရီအထိ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနခွဲ ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် သတင်းထောက်များက သိလိုသည်များကိုမေးမြန်းခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ပြန်လည်ဖြေကြားသည်။

## အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်

ဦးစွာ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ပြောကြားရာ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မိမိတို့ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါကြောင်း၊ အပိုင်းတစ်ကို မိမိမှ ရှင်းလင်းမှာဖြစ်ပြီး အပိုင်းနှစ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းမှာဖြစ်ပါကြောင်း၊ အပိုင်းတစ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်လတာအတွင်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ချက်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ CDM နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှုများ (Corruption)နှင့် ပတ်သက်ပြီး ဖော်ထုတ်တွေ့ရှိချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုကို သိရှိစေရန် ပြောဆိုချက်များ ပါဝင်မည်ဖြစ်ကြောင်း၊ အပိုင်းနှစ်မှာတော့ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် မဲစာရင်းလက်တွေ့စစ်ဆေးချက်များ အသေးစိတ်သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှင်းလင်းမှာဖြစ်ကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲမှာ မိမိပြောကြားသည့် အချက်များကို မီဒီယာများကိုးကားနိုင်ရန်နှင့် ပြည်သူလူထု အထောက်အထားခိုင်ခိုင်လုံလုံ တွေ့မြင်နိုင်ရန်အတွက် တွေ့ရှိသည့် အထောက်အထားများကို မိမိတို့ဘုတ်များနှင့် ပြသထားကြောင်း၊ စာရွက်စာတမ်းများလည်း ခင်းကျင်းပြသထားကြောင်း၊ မီဒီယာများအနေဖြင့် စိတ်ကြိုက်စစ်ဆေးကြည့်နိုင်ပါကြောင်း၊ ပြည်သူကို ထင်သာမြင်သာဖြစ်အောင် ပြသပေးကြပါလို့ မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများအတွက် အရေးကြီးပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကိုလည်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် ကြည့်နေကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့မှာ ခံယူချက်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးရှိကြမည်ဖြစ်ကြောင်း၊ မည်သည့် ခံယူချက်၊ ယုံကြည်ချက်၊ အမြင်များရှိနေပါစေ “We are Myanmar” အဓိကမှာ မိမိတို့အားလုံးသည် “မြန်မာများ” ဖြစ်ကြောင်း၊ မိမိတို့က မိမိတို့နိုင်ငံကို ပိုကောင်းချင်ကြောင်း၊ ပိုပြီး တိုးတက်စေချင်ကြောင်း၊ ပိုပြီးမြှင့်တင်ပေးချင်ပါကြောင်း၊ ဒါသည် မိမိတို့အားလုံး၏ တူညီသည့် ဆန္ဒဖြစ်မည်ဟု ယူဆပါကြောင်း၊ ဆန္ဒများတူညီနေလျှင် အားလုံးလက်တွဲလို့ရကြောင်း၊ မိမိပြောလိုသည်မှာ ယခုသတင်းစာရှင်းလင်းပွဲ၏ အချို့အချက်အလက်များသည် ဒီလိုဆန္ဒတူညီသည့် ပြည်သူလူထုထံမှရရှိသည့်အချက်အလက်များ ဖြစ်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အကြံဉာဏ်များအတွက် များစွာကျေးဇူး တင်ရှိပါကြောင်းနှင့် ဆက်လက်ပြီး မြန်မာ့အကျိုးသယ်ပိုးကြရန် ဖိတ်ခေါ်ပါသည်။


## အကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ရယူပြီးနောက် ၄ ရက်အကြာ ၅ ရက်မြောက်ထိ ဆန္ဒပြမှုများမရှိပါကြောင်း၊ NLD ပါတီဝင်များနှင့် NLD ပါတီထောက်ခံသူများသည် ဖေဖော်ဝါရီ ၅ ရက်နေ့ကစပြီး ဆန္ဒပြမှုများပြုလုပ်ခဲ့ကြောင်း၊ အစောပိုင်းကာလတွင် ငြိမ်းချမ်းစွာ ဆန္ဒပြတယ်လို့ ဆိုနိုင်သော်လည်း ဖေဖော်ဝါရီလ ၉ ရက်နှင့် နောက်ပိုင်းမှာတော့ အကြမ်းဖက်ဆူပူမှုအသွင်(Riot) ၎င်းမှ မင်းမဲ့စရိုက်ဆန်သည့် လူအုပ်စုအသွင် (Anarchy Mob) ဖြစ်ပေါ်လာခဲ့ကြောင်း၊ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေဖို့ ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ ရုံးလုပ်ငန်းများ ရပ်တန့်စေဖို့ CDM လှုပ်ရှားမှုတွေကို အကျပ်ကိုင် ခြိမ်းခြောက်ဖိအားပေးမှုများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဖေဖော်ဝါရီလ ၉ ရက်နေ့က သပြေကုန်းအဝိုင်းမှာ CDM ခြိမ်းခြောက်အကျပ်ကိုင်မှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း ကြို/ ပို့ယာဉ်များကို ဆန္ဒပြသူများက လမ်းလုံးပြည့်ပိတ်ဆို့ပြီး အကြမ်းဖက်ဆန္ဒပြမှုများရှိခဲ့ကြောင်း၊ မန္တလေး၊ မဟာအောင်မြေ၊ မော်လမြိုင်တက္ကသိုလ်ရှေ့ ဆန္ဒပြမှုများ ရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခြင်း၊ ဒဏ်ရာရမှုများရှိခဲ့ကြောင်း၊ ထို့အပြင် တရားမဝင်အမတ်များက CRPH ကို ဖွဲ့စည်းပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင် ရည်ရွယ်ပြီး လူထုဆူပူအုံကြွမှုမြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံ ပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကို တွန်းတင်ခဲ့ခြင်းကို တွေ့ရကြောင်း၊ Generation–Z ဆိုသည့် တိုင်းပြည်၏ အနာဂတ်လူငယ်များကို လမ်းပေါ် မထွက် ထွက်အောင် တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းများကို တွေ့ရကြောင်း၊ လူငယ်များ၏ ရိုးသားသည့်စိတ်၊

စာမျက်နှာ ၁၇ သို့

## မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

ရမည်းသင်းမြို့နယ်
ပျော်ဘွယ်မြို့နယ်


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစိစစ်တွေ့ရှိမှု

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၁၆ မှ*

တက်ကြွသည့်စိတ်၊ မဟုတ်မခံချင်စိတ်တွေကို အသုံးချပြီး လမ်းများရောက်အောင် တွန်းပို့ခဲ့ကြောင်း၊ Generation–Z ဆိုသည့် လူငယ်များသည် အတွေးအခေါ်ဆန်းသစ်ကြကြောင်း၊ နည်းပညာကျွမ်းကျင်ကြကြောင်း၊ IT ပညာရပ်ကို လူကြီးများ ထက်ပိုပြီး အသုံးချတတ်ကြကြောင်း၊ ဒါကိုအသုံးချပြီး Facebook လူမှုကွန်ရက်စာမျက်နှာများ၊ Youtube၊ tiktok စသည့်နေရာများမှ လူငယ်များကို နေ့စဉ်နှင့် အမျှ သွေးထိုးလှုံ့ဆော်ပေးမှုများကို မြင်ရကြောင်း၊ လက်တွေ့လည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူငယ်များ ထိပ်တိုက်တွေ့ရန် နည်းအမျိုးမျိုးသုံးပြီး ရှေ့တွန်းပို့နေသည်ကို တွေ့နိုင်ပါကြောင်း၊ NLD ပါတီဝင်များနှင့် ထောက်ခံသူအမာခံများကိုယ်တိုင်က လုံခြုံသည့်နေရာများတွင်နေပြီး လူငယ်လူရွယ်များကို ရှေ့ကိုထွက်ရန် Facebook စာမျက်နှာများ၊ မီဒီယာများသုံးပြီး ဆောင်ရွက်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းသည် ကျောင်းသားလူငယ်ထုက စတင်ခဲ့သည့် ဆန္ဒပြမှုများဖြစ်ကြောင်း၊ ထိုဆန္ဒပြမှုများကို နိုင်ငံရေးပယောဂ ဝင်စွက်ပြီး နောက်ဆုံးမှာ သူတို့ကိုယ်တိုင် နိုင်ငံရေးနေရာရယူသွားသည့် အနေအထားဖြစ်ကြောင်း၊ လူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များ သေဆုံးပြီး လူထုအမြင်မှာတော့ သူရဲကောင်းတွေ၊ သူတို့အမြင်မှာတော့ သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်များ ပြည့်မြောက်စေရေး လှေကားထစ်၊ ခုတုံးများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ နေပြည်တော်က အမျိုးသမီးငယ်တစ်ဦး၊ မန္တလေးက အမျိုးသမီးငယ်တစ်ဦး သေဆုံးမှုမှာ သူတို့ကို ပစ်ခတ်သည့်ကျည်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသုံးပြုသည့် ကျည်အမျိုးအစားမဟုတ်ကြောင်း မိမိတို့ဖော်ထုတ်ပြသပြီးဖြစ်ကြောင်း၊ ၎င်းတို့၏ ဦးခေါင်းဒဏ်ရာများကို စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ နေရာယူထားသည့် ရှေ့တည့်တည့်က ပစ်ခတ်၍ ထိသည့်ဒဏ်ရာမျိုးမဟုတ်ဘဲ ဘေးဘက်မှ ပစ်ခတ်ခံရခြင်း၊ ဘေးအောက်ဘက်မှပင့်ပြီး ပစ်ခတ်ခံရခြင်းများ တွေ့ရကြောင်း၊ ဒဏ်ရာများထဲမှ ရရှိသည့် ခဲသတ္တုအပိုင်းအစများကို စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့များ အသုံးပြုခဲ့သည့် ကျည်အမျိုးအစား အတိုင်းအတာကွဲပြားနေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ထပ်မံပြီးအသေးစိတ်စစ်ဆေးခဲ့ပါကြောင်း၊ အသေးစိတ် သိရှိနိုင်ရန်အတွက် ဒဏ်ရာထဲက တွေ့ရှိသည့် ခဲသတ္တုအပိုင်းအစများကို EDX– 720 (အင်အော်ဂဲနစ်ပစ္စည်းပေါင်းစပ်မှုပါဝင်သည့် စစ်ဆေးသည့်စက်)နှင့် စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့ စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များသုံးသည့် ကျည်များ၏ ခဲသတ္တုပါဝင်မှု ပေါင်းစပ်ဖွဲ့စည်းမှုများနှင့် လုံးဝကွဲပြားခြားနားနေသည်ကို တွေ့ရကြောင်း၊ အသေးစိတ်တွေ့ရှိချက်၊ ဓာတ်ခွဲစစ်ဆေး ချက်အသေးစိတ်များကို ဘုတ်မှာ ပြထားကြောင်း၊ အမျိုးသမီးနှစ်ဦးမှာ တွေ့ရှိခဲ့ရသည့် သတ္တုအပိုင်းအစ၊ ဒဏ်ရာရသည့် အနေအထားများ၊ထိုသတ္တုကို စစ်ဆေးကြည့်သည့်အခါ တွေ့ရှိရသည့် တွေ့ရှိချက် အသေးစိတ်ကို လေ့လာနိုင်သည်ကို ပြောကြားလိုပါကြောင်း ပြောကြားသည်။

ပညာရှင်များ၏ သုံးသပ်ချက်အရ အမျိုးသမီးနှစ်ယောက်ကို ပစ်ခတ်ခဲ့သည့် ခဲယမ်း၊ လက်နက်အမျိုးအစားသည် ဒေသန္တရခဲယမ်း၊ ဒေသန္တရလက်နက်ပြောင်းချောလက်နက် အမျိုးအစားသို့မဟုတ် နိုင်ငံခြားလုပ် ပွိုင်တာလက်နက်အမျိုးအစားတစ်ခုခုဖြင့် ပစ်ခတ်ခြင်းဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒပြမှုများတွင် မသမာမှု၊ ပြဿနာကို ပိုမိုကြီးမားအောင် ဖန်တီးလိုသူများရှိကြောင်း၊ အထူးဂရုစိုက်ဖို့ ပြောကြားလိုပါကြောင်း၊ နောက်ထပ်လုပ်ကြံဖန်တီးမှုများ ထပ်လာနိုင်ပါကြောင်း၊ ဥပမာ အနေဖြင့် ၁၉၈၈ ခုနှစ်အရေးအခင်းမှာ ဖမ်းဆီးထိန်းသိမ်းထားသူများ၊ မတော်မတရားပြုကျင့်ခံရခြင်းများကို မီဒီယာတစ်ခုနှင့် လက်ဝါးချင်းရိုက်ပြီး လုပ်ခဲ့သည့်ပုံစံဖြစ်ကြောင်း၊ မနေ့ကလည်း လုပ်ကြံဖန်တီးမှုဇာတ်လမ်းတစ်ခု တက်လာပါကြောင်း၊ ရိုက်တာသတင်းဌာနက အိန္ဒိယနိုင်ငံဘက်ကို သွားသည့် ရဲတပ်သားများနှင့် မေးမြန်းခန်းလုပ်ခဲ့ပါကြောင်း၊ ရဲတပ်သားများကို မေးမြန်းခန်းလုပ်သည့်အခါ ရဲတပ်သားတစ်ယောက်ဆိုလျှင် သူ့ကို ရဲတပ်ဖွဲ့က အရာရှိများအနေဖြင့် ခေါင်းကို စက်သေနတ်နှင့် ချိန်ပြီးပစ်ခတ်ဖို့ အမိန့်ပေးခဲ့သည်ဟု ပြောပါကြောင်း၊ မဟုတ်မမှန်သတင်းတစ်ခုကို ကမ္ဘာအနှံ့ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ မိမိပြောလိုသည်မှာ ချင်းပြည်နယ် ဆန္ဒပြမှုနှင့် ပတ်သက်ပြီး ထိန်းခဲ့ခြင်းများ၊ ပစ်ခတ်ခဲ့ခြင်းများ မရှိပါကြောင်း၊ သို့သော် ကမ္ဘာ့အမြင်မှာ ဒီလိုအမြင်မျိုး မြင်သွားနိုင်ရန်အတွက် လုပ်ကြံဖန်တီးနေခြင်းကို တွေ့ရပါကြောင်း၊ နောက်ပိုင်းမှာလည်း လုပ်ကြံဖန်တီးမှုများကို ဆက်ပြီးရှိလာနိုင်ပါကြောင်း ပြောကြားသည်။

## စိတ်ရှည်စွာ ကိုင်တွယ်ဖြေရှင်းခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာပြီး နောက်ပိုင်းမှာ ပုဒ်မ ၄၁၃ ပါ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းနဲ့ ပုဒ်မ ၄၂၀ အရ နိုင်ငံသားများရဲ့ မူလအခွင့်အရေး ကန့်သတ်ခြင်းတွေ ပြုလုပ်နိုင်သော်လည်း အဲ့ဒီလိုဆောင်ရွက်ခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်များနှင့် အညီ အညင်သာဆုံးနည်းဖြင့် စိတ်ရှည်စွာ ကိုင်တွယ်ဖြေရှင်းခဲ့ပါကြောင်း၊ ဆန္ဒပြမှုတွေ ဖြစ်ခါစငြိမ်းချမ်းစွာ ဆန္ဒပြတဲ့အချိန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အရေးယူဆောင်ရွက်ခြင်းတွေ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့တာကိုလည်း တွေ့ရမှာဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၉ ရက် နောက်ပိုင်း ဆူပူအကြမ်းဖက်ဆန္ဒပြမှုအသွင် (Riot)ရောက်ရှိသွားမှသာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ခဲ့တာကို တွေ့နိုင်မှာဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်နှင့် မတ်လဆန်းတို့တွင် ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများကို အတင်းအကျပ် ပိတ်ဆို့သည့်ဖြစ်စဉ်များ၊ ပဲခူးမှ ကုန်တိုက်ကို ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်၊ YMBA အသင်း အဆောက်အဦကို အကြမ်းဖက်ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်၊ ဘုန်းတော်ကြီးကျောင်းများကို အကြမ်းဖက်သဖြင့် သံဃာတော်များ မျက်လုံးကွယ်သည်အထိ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်၊ အများပြည်သူ အသုံးပြုသည့်လမ်းမများကို ပိတ်ဆို့၍ မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် အစရှိသည့် မင်းမဲ့စရိုက်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မင်းမဲ့စရိုက်ဆန်ဆန် ဆန္ဒပြမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဖြိုခွဲခြင်း၊ ဆန္ဒပြမှုများတွင် ပါဝင်သည့် ဦးဆောင်လှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ လုပ်ကြံဖန်တီးချဲ့ကားထားသည့် သတင်းများဖြင့် ဆူပူမှုကို အားပေးလှုံ့ဆော်နေသည့် သတင်းဌာနများကို လိုအပ်သည့် တားဆီးအမိန့်များ ထုတ်ပြန်၍ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ မနေ့က ဆိုလျှင် မြောက်ဥက္ကလာ သုဓမ္မာလမ်းနှင့် နွယ်နီလမ်းဆုံ၊ အင်းစိန်တောင်သူကုန်းလမ်းနှင့် စိုက်ပျိုးရေး(၄)လမ်းထိပ်တို့ရှိ အတားအဆီးများကို ဖယ်ရှားသည့်အချိန်တွင် ဒေသန္တရ လက်လုပ်မိုင်းများကိုပင် တွေ့ရှိခဲ့ရကြောင်း၊ ယခုရက်ပိုင်းအတွင်း အကြမ်းဖက် ဆူပူဆန္ဒပြသူများအနေဖြင့် နည်းလမ်းတစ်မျိုးကို ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး လမ်းကြားများတွင် ဆန္ဒပြခြင်း၊ မီးသတ်ယာဉ်များ မရောက်ရှိနိုင်အောင် လမ်းများပိတ်ဆို့ဆန္ဒပြခြင်းများ ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ယခုနေရာမှ Generation–Z ဟုခေါ်သည့် တိုင်းပြည်၏ အနာဂတ်လူငယ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ယူစဉ်ကတည်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုသည့် အချိန်ကာလတစ်ခုအတွင်း တာဝန်ယူမည်ဖြစ်ပြီး ပြီးလျှင် ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးမည်ဟု တရားဝင်သတင်းစကားပါးလိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို ဆက်၍ နားထောင်ကြည့်စေလိုကြောင်း၊ မြေပြင်တွင် မဲမသမာမှုများ မည်မျှဖြစ်နေသည်၊ နိုင်ငံတော်အဆင့် မဲမသမာမှုများ မည်မျှဖြစ်ခဲ့သည်၊ ထို့ကြောင့် ပြည်သူလူထု မျှော်လင့်နေသည့် ဒီမိုကရေစီစနစ် မည်မျှ ပုံပျက်ပန်းပျက်ဖြစ်နေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နံပါတ်(၂)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည့် တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များထဲမှ ထင်ရှားသည့် အချက် တချို့ကိုပြောလိုကြောင်း၊ နိုင်ငံတော်အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံ၏ ထိန်းသိမ်းရေး စခန်းများတွင်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် ယခင်အစိုးရ လက်ထက်ကတည်းကပင် တင်ပြခဲ့ကြောင်း၊ လူဦးရေများသဖြင့် သင်္ဘောများဖြင့် သွားရောက်ခေါ်ယူမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခု နစကအစိုးရအနေဖြင့် တပ်မတော်မှ စစ်ရေယာဉ် ၃ စင်းဖြင့် သွားရောက်ခေါ်ယူခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသား ၁၀၈၀ ဦးကို သွားရောက်ခေါ်ယူခဲ့ပါကြောင်း၊ ရန်ကုန်သို့ဖေဖော်ဝါရီလ ၂၃ ရက်က ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယခုလက်ရှိ တပ်မတော် Quarantine Center တွင် Quarantine ဝင်ရောက်လျက်ရှိကြောင်း၊ Quarantine ဝင်ပြီးပါက နေရပ်အသီးသီးသို့ ပြန်ရမည်ဖြစ်ပါကြောင်း၊ တစ်ခုပြောလိုသည်က ယခုခရီးစဉ်မတိုင်မီကပင် ဖျက်လို ဖျက်ဆီးလုပ်ဆောင်ခြင်း၊ ပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ သူများနိုင်ငံတွင် ဒုက္ခရောက်နေသည့် မိမိနိုင်ငံသူ၊ နိုင်ငံသားများကို သွားရောက်ခေါ်ယူမည့်ခရီးစဉ် ပျက်ပြားအောင် မည်ကဲ့သို့သော စိတ်ထားဖြင့် ပြောဆိုရေးသားဆောင်ရွက်သည်ကို စဉ်းစား၍မရကြောင်း၊ ဒါဟာ သူတို့ပြောနေသည့် လူ့အခွင့်အရေးလား၊ ဒီမိုကရေစီလား ဆိုတာကတော့ မေးခွန်းထုတ်စရာ ဖြစ်ပါကြောင်း၊ ခေါ်ဆောင်ပြီးနောက်ပိုင်း အဖွဲ့အစည်းတစ်ခုက မလေးရှားတွင် အမှုဖွင့်သည်ဟု ကြားသိရကြောင်း၊ တရားစွဲ အမှုဖွင့်သည့် အဖွဲ့အစည်းကလည်း နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းသည် ဒုက္ခသည်များနှင့်ပတ်သက်ပြီး အလုပ်လုပ်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းတရားစွဲဆိုရာတွင် အထောက်အကူဖြစ်စေရန်အတွက် မီဒီယာတစ်ခုမှ တပ်မတော် Quarantine Center ကို နောက်ခံထား၍ လိုရာဆွဲ၍ လုပ်ကြံဖန်တီးထားသည့် အင်တာဗျူးများ ပြုလုပ်ထုတ်လွှင့်ခဲ့ကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

မမြသွဲ့သွဲ့ခိုင်နှင့် မကြယ်စင် (ခ) ကျားရှီတို့၏ စစ်ဆေးချက်များ



# မှန်ကန်သော ရဲရင့်မှုသာ ရှိစေလို

## ဟိန်းကို

မှန်ကန်ခြင်းနဲ့ ရဲရင့်ခြင်းတွေဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေတဲ့ သဘောရှိတာကြောင့် မည်မျှပင် ရဲရင့်သူဖြစ်ပါစေ၊ မမှန်ကန်တဲ့အမှုကို ပြုလိုက်မိကြောင်း မိမိကိုယ်မိမိ သိလိုက်တာနဲ့တစ်ပြိုင်နက် ရဲရင့်ခြင်းတွေဟာ ပျောက်ကွယ်သွားပြီး ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားတတ်ကြောင်းကို လေ့လာမှတ်သားခဲ့ဖူးပါတယ်။

### ကိုယ်ကျင့်တရားဆိုတာ

ကိုယ်ကျင့်တရားဆိုတာ ကိုယ်၊ နှုတ်ကို ယဉ်ကျေးအောင် ထိန်းကွပ်ပေးတဲ့ သက်ဆိုင်ရာ ကျင့်ဝတ်သီလတွေလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး လူသားတိုင်းမှာ ကိုယ်ကျင့်တရားက မရှိမဖြစ်လိုအပ်တဲ့ ဂုဏ်တစ်ရပ်ဖြစ်သလို ကိုယ်ကျင့်သီလကောင်းခြင်းကလည်း အကောင်းဆုံးဝါဒပဲ ဖြစ်ပါတယ်။ လူသားတို့ နေ့စဉ်ပြုကျင့်တဲ့ အပြုအမူ၊ အကျင့်စရိုက်၊ အကျင့်စာရိတ္တ၊ ကျင့်ဝတ်တရား၊ အလေ့အထ စတာတွေဟာ ကိုယ်ကျင့်တရားတွေပဲ ဖြစ်ပါတယ်။ 'ကိုယ်ကျင့်တရားရှိမှ ယဉ်ကျေးသူဖြစ်မယ်၊ အများချစ်ခင်လေးစားမယ်၊ မိမိကိုယ်တိုင်လည်း စိတ်ချမ်းသာမယ်'လို့ မြို့မ-မြင့်ကြွယ်က မှတ်ချက်ပြုထားသလို 'ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးတဲ့အခါ ဘာမှ ဆုံးရှုံးမှု မရှိပါ။ ကျန်းမာရေးဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုကို ဆုံးရှုံးတယ်။ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးသွားရင်တော့ ဘဝတစ်ခုလုံး ဆုံးရှုံးတယ်'လို့ အတွေးအခေါ်ပညာရှင် ဆိုကရေးတီးကလည်း ဆိုခဲ့ဖူးပါတယ်။

ကိုယ်ကျင့်တရား ကောင်းမွန်သူတွေဟာ ရင့်ကျက်မှုရှိပြီး ပိုင်းခြားသိမြင်နိုင်စွမ်းရှိသလို အမှားနဲ့ အမှန်သိအောင်လည်း ခွဲခြားတတ်အောင် လေ့ကျင့်ထားသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် စည်းကမ်းအရာမှာလည်း အလွယ်တကူ မချိုးဖောက်နိုင်အောင် ထိန်းသိမ်းနိုင်ကြသူတွေပါပဲ။ ကိုယ်ကျင့်တရား မကောင်းမွန်သူတွေကတော့ စည်းကမ်းအရာမှာလည်း ကောင်းမွန်မှု မရှိတဲ့အပြင် အမှားနဲ့ အမှန်ကိုလည်း ခွဲခြားသိမြင်နိုင်စွမ်း မရှိတာကြောင့် အရှက်တရားကိုလည်း စောင့်ထိန်းနိုင်သူ နည်းလှပါတယ်။ အရှက်တရားဟာ လူ့တန်ဖိုးအတွက် အရေးကြီးတာကြောင့် လူသားတွေရဲ့ ဦးနှောက်မှာ အရှက်တရားဆိုတဲ့ မကောင်းတဲ့လုပ်ရပ်တွေ လုပ်ကိုင်ခြင်းလို့ ယေဘုယျအားဖြင့် သတ်မှတ်ထားတာ ဖြစ်ပါတယ်။

မကောင်းတဲ့ လုပ်ရပ်တွေကို ဆင်ခြင်မဲ့စွာ ပြုလုပ်နေကြတဲ့ ယနေ့ လမ်းမတွေပေါ်က ဆူပူဆန္ဒပြအဖွဲ့တွေမှ လူငယ်တွေဟာ လူသားဂုဏ်သိက္ခာကျစေမယ့် လုပ်ရပ်မျိုးတွေဖြစ်တဲ့ Social Bullying တွေကို လူမှုကွန်ရက်တွေပေါ်မှာနဲ့ လူထုကြားထဲမှာ အရှက်တရားမဲ့စွာ ပြုလုပ်နေကြတာကို တွေ့လာရပါတယ်။ ကိုယ်ကျင့်သိက္ခာမဲ့တဲ့ အရှက်တရားမရှိတဲ့ လုပ်ရပ်တွေဟာ တကယ်တော့ အောက်တန်းကျတဲ့ လုပ်ရပ်မျိုးတွေ ဖြစ်ပါတယ်။ အောက်တန်းကျတယ်ဆိုတာ ဘွဲ့မရတာတို့၊ ငွေကြေးမချမ်းသာတာတို့၊ ရုပ်မချောမလှတာတို့ကို ဆိုလိုတာမဟုတ်ဘဲ စိတ်နေစိတ်ထား၊ ခံယူချက် ညံ့ဖျင်းတာကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်။ လူ့ကျင့်ဝတ်မှာ အပြုအမူတင်မဟုတ်ဘဲ တန်ဖိုးမဲ့တဲ့၊ အဆိပ်အတောက် ဖြစ်စေတဲ့ ရိုင်းစိုင်းတဲ့စကားတွေ ပြောဆိုနေတာကလည်း အောက်တန်းကျတာပါပဲ။

> “လူသားတွေ မွေးဖွားလာပြီဆိုရင် ယဉ်ကျေးတဲ့ ဗီဇနဲ့ ရိုင်းတဲ့ဗီဇက အသီးသီးပါလာပြီးသားပါ။ ယနေ့ လူမှုကွန်ရက်တွေမှာတော့ ရိုင်းချင်သလို ရိုင်းနေကြသူတွေ အများကြီးကို တွေ့နေရတယ်။ ရိုင်းတဲ့ ဗီဇအခံ ပါလာသူတွေဖြစ်တာကြောင့် လက်ရှိအပြောင်းအလဲဖြစ်စဉ်မှာ အငုံ့စိတ်ရိုင်းတဲ့ စိတ်တွေက ထိန်းမနိုင်သိမ်းမရကို ပေါ်လာကြတော့တာ မဟုတ်လား။ အများစုက နို့နံ့တောင် မစင်သေးတဲ့ရုပ်၊ တချို့က ဘွဲ့တွေအစုံစုံနဲ့ အလုပ်ဌာနကို စွန့်ခွာနေကြတဲ့ Civil Disobedience Movement (CDM) ဝန်ထမ်းတွေ၊ တချို့က လူချမ်းသာအသိုင်းအဝိုင်း၊ တချို့က အလုပ်လက်မဲ့တွေ။ ဒီလိုဒီလို လူတွေက မောင်နဲ့နှမ၊ သားနဲ့အမိ မသင့်တော်တဲ့ ညစ်ညမ်းစာသား၊ ရုပ်ပုံတွေအသုံးပြုပြီး ရိုင်းစိုင်းတဲ့ အပြုအမူတွေ၊ ပြောဆိုမှုတွေကို ပြုလုပ်နေလိုက်ကြတာ မြင်လို့ ကြားလို့မှ မကောင်းပါဘူး”

လူသားတွေ မွေးဖွားလာပြီဆိုရင် ယဉ်ကျေးတဲ့ ဗီဇနဲ့ ရိုင်းတဲ့ဗီဇက အသီးသီးပါလာပြီးသားပါ။ ယနေ့ လူမှုကွန်ရက်တွေမှာတော့ ရိုင်းချင်သလို ရိုင်းနေကြသူတွေ အများကြီးကို တွေ့နေရတယ်။ ရိုင်းတဲ့ ဗီဇအခံ ပါလာသူတွေဖြစ်တာကြောင့် လက်ရှိအပြောင်းအလဲဖြစ်စဉ်မှာ အငုံ့စိတ် ရိုင်းတဲ့ စိတ်တွေက ထိန်းမနိုင်သိမ်းမရကို ပေါ်လာကြတော့တာ မဟုတ်လား။ အများစုက နို့နံ့တောင် မစင်သေးတဲ့ရုပ်၊ တချို့က ဘွဲ့တွေအစုံစုံနဲ့ အလုပ်ဌာနကို စွန့်ခွာနေကြတဲ့ Civil Disobedience Movement (CDM) ဝန်ထမ်းတွေ၊ တချို့က လူချမ်းသာ အသိုင်းအဝိုင်း၊ တချို့က အလုပ်လက်မဲ့တွေ။ ဒီလိုဒီလို လူတွေက မောင်နဲ့နှမ၊ သားနဲ့အမိ မသင့်တော်တဲ့ ညစ်ညမ်းစာသား၊ ရုပ်ပုံတွေအသုံးပြုပြီး ရိုင်းစိုင်းတဲ့ အပြုအမူတွေ၊ ပြောဆိုမှုတွေကို ပြုလုပ်နေလိုက်ကြတာ မြင်လို့ ကြားလို့မှ မကောင်းပါဘူး။

### မနာလိုဝန်တိုစိတ်ရှိတာကို ဝန်ခံရမှာကြောက်

'လူတွေက လောဘကြီးတာ၊ ဒေါသကြီးတာ၊ မာနကြီးတာကို ဝန်ခံရမှာ သိပ်မကြောက်ဘူး။ မနာလိုဝန်တိုစိတ်ရှိတာကို ဝန်ခံရမှာကြောက်တယ်။ မနာလိုဝန်တိုစိတ်က ပိုပြီးအောက်ကျတဲ့စိတ်ဖြစ်လို့ပဲ' လို့ ဆရာတော် ဦးဇောတိက မိန့်ကြားထားတာကို နာယူဖတ်ရှုခဲ့ဖူးပါတယ်။ မနာလိုစိတ်ကို အခြေခံထားပြီး လမ်းပေါ်ထွက် ဆူပူဆန္ဒပြဖို့ စည်းရုံးလှုံ့ဆော်ကြသူတွေဟာ ခုလို အပြောင်းအလဲဖြစ်စဉ်ကာလမှာ နိုင်ငံ့ဝန်ထမ်းတွေအပေါ် Civil Disobedience Movement (CDM) ခေါင်းစဉ်သုံးပြီး ဦးတည်တိုက်ခိုက်မှုကို လုပ်လာကြတာပါပဲ။ ရိုးသားတဲ့ နိုင်ငံ့ဝန်ထမ်းတချို့မှာ သွေးထိုးလှုံ့ဆော်မှုဒဏ်ကို မခံနိုင်ကြဘဲ CDM မှာ ပါဝင်ရင်းနဲ့ အလုပ်ပြုတ်သွားကြတာကို အွန်လိုင်းသတင်းတွေမှာ ဖတ်ရှုလိုက်ရတာကြောင့် အတော်လေးကို စိတ်မကောင်း ဖြစ်မိတယ်။ CDM မှာ ပါဝင်ကြတဲ့ တချို့ဝန်ထမ်းတွေကတော့ လုပ်ဖော်ကိုင်ဖက်၊ ဆရာသမားတွေရဲ့ စေတနာစကားကို နားလည်သဘောပေါက်ကြပြီး ရုံးပြန်တက်ကြတာကြောင့် အပြုံးမပျက် နေသားတကျ ဂုဏ်သိက္ခာမပျက် နေနိုင်တာကလည်း မင်္ဂလာတစ်ပါးပါပဲ။ အောက်တန်းကျတဲ့ စိတ်ဓာတ်ရှိသူ စည်းရုံးလှုံ့ဆော်သူတို့နောက် လိုက်သွားမိတဲ့ ဝန်ထမ်းတွေမှာတော့ အလုပ်လက်မဲ့ဝင်ငွေမဲ့။ ဒါကြောင့် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ပညာတတ်တတ် ကိုယ်ကျင့်တရား မကောင်းမွန်ရင် အောက်တန်းကျတဲ့ စိတ်ရှိတာပါပဲ။

အောက်တန်းကျတဲ့ စိတ်ဓာတ်ရှိသူတွေဟာ သူများကို ချောက်တွန်းတာ၊ မကောင်းတာလုပ်ဖို့ တွန်းအားပေးတာ၊ ဒုက္ခရောက်ရင် ထပ်ပြီး ဒုက္ခရောက်အောင်လုပ်တာ၊ ကုန်းချောတာ၊ သူများကို မကြည့်တတ်တာ၊ စည်းမစောင့်တာ စတဲ့လုပ်ရပ်တွေကိုသာ အချိန်ရှိတိုင်း ကြံစည်၊ လုပ်ဆောင်နေကြတာကြောင့်လည်း လူမှုကွန်ရက်က သတင်းအများစုကို ဖတ်ရှုလိုက်တိုင်း အခြေအမြစ်မရှိတဲ့ အကြောင်းအရာ၊ တစ်ဖက်သတ်ရေးသားထားတဲ့ အချက်အလက်တွေကိုသာ တွေ့မြင်နေရတာက သက်သေပါပဲ။ ၂၁ ရာစုခေတ်ကြီးမှာ ဒီလိုအောက်တန်းကျတဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေဟာ ကမ္ဘာအနှံ့လူပြိန်းကြိုက် ပျံ့နှံ့ချင် ပျံ့နှံ့နိုင်ပေမယ့် အချက်အလက်တိကျပြီး မှန်ကန်တဲ့သတင်းတွေကိုတော့ မည်သို့မျှ ဖုံးလွှမ်းနိုင်မှာ မဟုတ်ပေ။

> “ဒီလို လူပြိန်း လူညံ့ အယုံလွယ်သူမဖြစ်အောင် စဉ်းစားဆင်ခြင်ဉာဏ် ရှိဖို့အတွက် စာကောင်း ပေကောင်းတွေကို ဖတ်ရှုလေ့လာဖို့လိုကြောင်း စာတတ်ပေတတ်ပုဂ္ဂိုလ်တိုင်းက တိုက်တွန်းခဲ့ကြတာပဲ ဖြစ်ပါတယ်။ စာဖတ်ခြင်းကြောင့် ရရှိသိမြင်တဲ့ အသိဗဟုသုတတွေဟာ အကြောင်းအရာအားလုံးကို ဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိပေမယ့်လည်း မှားယွင်းတဲ့လုပ်ရပ်တွေနဲ့ အတွေးအခေါ်တွေကိုတော့ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိတာကို စာအုပ်စာပေကောင်း ဖတ်ရှုသူတိုင်း သိပါတယ်။ ကိုယ်ကျင့်တရားတွေ၊ စိတ်ဓာတ်ကောင်းတွေ မည်သို့ပင်ရှိစေဦး မှန်ကန်တဲ့ပညာနဲ့ ပေါင်းစပ်မှသာ ‘နှလုံးလှ လူမိုက်’ လုပ်ရပ်တွေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားလည်း ကောင်းတယ်၊ စိတ်ဓာတ်လည်း ကောင်းတယ်၊ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်မပါဝင်ပါက နိုင်ငံအတွက်၊ ပြည်သူအတွက် ဘယ်လောက်ပဲ စေတနာထားပြီး လုပ်နေတယ်လို့ ဆိုစေကာမူ အမှားတွေသာ ဖြစ်တတ်တာကြောင့် ကိုယ်ကျင့်တရားကောင်း၊ စိတ်ဓာတ်ကောင်း၊ မှန်ကန်တဲ့ ပညာတွေနဲ့ လုပ်ဆောင်မှသာ မှန်ကန်တဲ့ ရဲရင့်မှုကို ဖြစ်စေမှာ ဖြစ်ပါတယ်”

### ဆင်ခြင်တုံ တရားမဲ့နေ

'ကိုယ်လိမ္မာလျှင် ကိုယ်စားရသည်ဟု ဆိုသော်လည်း ကိုယ်စားသမားများသော တိုင်းပြည်သည် နောက်ဆုံး သူတစ်ပါးစားဖို့ ဖြစ်ရမည်ကား မြေကြီးလက်ခတ်မလွဲဖြစ်၏' လို့ ဆရာကြီး ပီမိုးနင်း ရေးသားထားတာလေးကို ပြန်ပြီးသတိရမိတယ်။ လက်ရှိ မြန်မာ့လူမှုကွန်ရက်မှာ တွေ့မြင်ဖတ်ရှုနေရတဲ့ အကြောင်းအရာတွေကို ကြည့်လိုက်ရင်လည်း ဆရာကြီး ပြောထားတာနဲ့ ထပ်တူဖြစ်နေတာ မဟုတ်ပါလား။ မူရင်းရေးသားသူက ညံ့ဖျင်းနိမ့်ကျစွာ တွေးခေါ်ရေးသားထားတဲ့အကြောင်းအရာတွေကို အယုံလွယ်သူ ဉာဏ်တိမ်သူတွေက ထပ်ဆင့် ဖြန့်ဝေရင်း သတင်းမှားတွေနဲ့ အမှောင်ထဲမှာ လမ်းပျောက်နေကြသူက အများစု။ ပြည်ပနိုင်ငံတွေရဲ့ ဟိုတပ်ဖွဲ့တွေ၊ ဒီတပ်ဖွဲ့တွေ လာပါလို့ ခေါ်သူခေါ်၊ အော်သူအော်။ အတွေးအခေါ်မဲ့၊ ဉာဏ်မဲ့တဲ့ လုပ်ရပ်တွေနဲ့ပေါ်ပင်မှာ ပျော်ရွှင်နေကြသူက ခပ်များများ။ ကိုယ်တိုင်က စည်းကမ်းဖောက်ပြီး လမ်းပေါ်ထွက် ဆူပူရမ်းကားနေတာကျ မေ့ထားပြီး ထိခိုက်မှု အသက်သာဆုံးနဲ့ နှိမ်နင်းမှု ပြုလုပ်နေတာကိုမှမထောက် ဘယ်အဖွဲ့ဖြင့် လာကယ်ပါ၊ ဘယ်သူဖြင့် လာကူပါနဲ့။ တကယ်ကို ဆင်ခြင်တုံတရားမဲ့နေကြတာပဲ မဟုတ်လား။

စာမျက်နှာ ၁၉ သို့

*စာမျက်နှာ ၁၈ မှ*

ဒီလို လူပြိန်း လူညံ့ အယုံလွယ်သူမဖြစ်အောင် စဉ်းစားဆင်ခြင်ဉာဏ်ရှိဖို့အတွက် စာကောင်းပေကောင်းတွေကို ဖတ်ရှုလေ့လာဖို့လိုကြောင်း စာတတ်ပေတတ်ပုဂ္ဂိုလ်တိုင်းက တိုက်တွန်းခဲ့ကြတာပဲ ဖြစ်ပါတယ်။ စာဖတ်ခြင်းကြောင့် ရရှိသိမြင်တဲ့ အသိဗဟုသုတတွေဟာ အကြောင်းအရာအားလုံးကို ဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိပေမယ့်လည်း မှားယွင်းတဲ့လုပ်ရပ်တွေနဲ့ အတွေးအခေါ်တွေကိုတော့ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိတာကို စာအုပ်စာပေကောင်း ဖတ်ရှုသူတိုင်း သိပါတယ်။ ကိုယ်ကျင့်တရားတွေ၊ စိတ်ဓာတ်ကောင်းတွေ မည်သို့ပင်ရှိစေဦး မှန်ကန်တဲ့ပညာနဲ့ ပေါင်းစပ်မှသာ 'နှလုံးလှ လူမိုက်' လုပ်ရပ်တွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ ကိုယ်ကျင့်တရားလည်း ကောင်းတယ်၊ စိတ်ဓာတ်လည်း ကောင်းတယ်၊ စဉ်းစားဆင်ခြင်တဲ့ဉာဏ်မပါဝင်ပါက နိုင်ငံအတွက်၊ ပြည်သူအတွက် ဘယ်လောက်ပဲ စေတနာထားပြီး လုပ်နေတယ်လို့ဆိုစေကာမူ အမှားတွေသာ ဖြစ်တတ်တာကြောင့် ကိုယ်ကျင့်တရားကောင်း၊ စိတ်ဓာတ်ကောင်း၊ မှန်ကန်တဲ့ ပညာတွေနဲ့ လုပ်ဆောင်မှသာ မှန်ကန်တဲ့ရဲရင့်မှုကို ဖြစ်စေမှာ ဖြစ်ပါတယ်။

လက်ရှိကာလ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်မှာလည်း နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းဟာ ကောင်းမွန်တဲ့ ကိုယ်ကျင့်တရား၊ လေးစားဖွယ်ရှိတဲ့ စိတ်ဓာတ်တွေ၊ ကောင်းမွန်တဲ့ပညာရပ်တွေနဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေကို မှန်ကန်စွာ သုံးသပ်ကြဖို့လိုပါတယ်။ အတွေးအခေါ် မှန်မှန်ကန်ကန်ရှိမှ မှန်ကန်တဲ့ ရဲရင့်မှုဆိုတာလည်း ရှိလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွဲမှားတဲ့ စိတ်ဓာတ်ရှိသူတွေလို 'လူနေ ဘုံဖျား စိတ်နေချုံကြား' တွေ မဖြစ်စေဘဲ မှန်ကန် ရဲရင့်တဲ့ စိတ်ဓာတ်ပိုင်ရှင်တွေကဲ့သို့ 'လူနေဘုံဖျား စိတ်နေဘုံဖျား' တွေ ဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။




# UWSA (ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ဆေးဘက်ဆိုင်ရာ သင်တန်းဆင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာရှိ ဝမ်ဟုန်ဆေးရုံ၌ နယ်မြေခံဆေးတပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်များဖြင့် UWSA (ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးပညာရပ်ဆိုင်ရာများ သင်ကြားပေးသည့် ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းဆတ်တပ်နယ်မှ တာဝန်ရှိသူများ၊ UWSA (ဝ)တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုင်းဆတ်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် UWSA(ဝ) တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိကြသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၁)ကို UWSA (ဝ) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၈ ဦးဖြင့် ဇန်နဝါရီ ၁၈ ရက်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဆက်လက်၍လည်း ဆေးဘက်ဆိုင်ရာ သင်တန်းများ ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | 8400 | 8400 | 91 | 764400 |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ – စုစည်းသည်

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ ဝန်ထမ်းတွေအတွက် ဘာတွေဖြည့်ဆည်းပေးကြလဲတော့ မသိဘူး။ အားလုံးကတော့ နောင်တကိုယ်စီ အသီးသီးရနေကြပြီ

ဦးမောင်ဝင်း

အင်တာဗျူး - မြင့်မိုရ်

“တကယ်တော့ CDM လှုပ်ရှားမှုက ဝန်ထမ်းတွေ ရုံးမတက်၊ အလုပ်မလုပ်ကြဖို့ ဦးတည်ပေမယ့် နိုင်ငံရေးအကြောင်း ဘာမှမသိသေးတဲ့ ကျောင်းနေအရွယ်ကလေးတွေ ပါဝင်လာကြတာဟာ နိုင်ငံရေးအပေါ် အမြတ်ထုတ်လှုံ့ဆော်သူများရဲ့ ရည်ရွယ်ချက်ဆိုတာ ပေါ်လွင်နေတာပဲ။ ခုနောက်ပိုင်း ကျောင်းတွေမှာတောင် ကလေးတွေအများစုက ဖုန်းတွေကိုယ်စီနဲ့ အွန်လိုင်းသုံး၊ ဂိမ်းဆော့နေကြလို့ ဆရာ၊ ဆရာမတွေ မနိုင်ကြရတဲ့အထဲ အခုလိုနိုင်ငံရေးပိုး သူတို့စိတ်ထဲ ကိန်းအောင်သွားမယ်ဆိုရင် သူတို့ရဲ့ အနာဂတ်က ဘယ်လိုမှ လှပစရာအကြောင်းမရှိတော့ဘူး။ ဆရာမကတော့ ဒီ CDM လှုပ်ရှားမှုကိုအကြောင်းပြုတဲ့ နိုင်ငံရေးဆူပူလှုံ့ဆော်မှုတွေကို အမြန်ဆုံးရပ်စေချင်ပြီ။ ပညာဆက်လက်သင်ကြားရမယ့် ကလေးတွေကိုလည်း ဆက်ပြီးတော့ မပါဝင်စေချင်တော့ဘူး”

ရန်ကုန် မတ် ၁၂

CDM ( Civil Disobedience Movement) လှုပ်ရှားမှု ၊ ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံရေးအမြတ်ထုတ် ဦးဆောင်သူများ၏ လုပ်ရပ်များသည် ဝန်ထမ်းထုများသာမက ယခုအခါပြည်သူများအကြား အထူးသဖြင့် (အခြေခံလူတန်းစားများအကြား) ပါ အလုပ်အကိုင်အခွင့်အလမ်းမှအစ စားဝတ်နေရေး ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အခက်အခဲများစွာ ကြုံတွေ့နေကြရသည်။ ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့် လုပ်ရပ်များကိုသာ ဦးတည်နေသော CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေး သွေးထိုးပေးနေခြင်းလုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း ဝန်ထမ်းအများစုမှာ အလုပ်လက်မဲ့နှုန်း ပိုမိုမြင့်တက်လာဖွယ် ရှိနေသည်။ ယခုအခါ CDM လှုပ်ရှားမှုတည်ငြိမ်စပြုလာသည်နှင့်အမျှ ဝန်ထမ်းအများစုနှင့် ပြည်သူများအကြား ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းမှ နောက်ဆက်တွဲဖြစ်ပေါ်ကြုံတွေ့နေမှု အခက်အခဲများနှင့် ပတ်သက်၍ ပြန်လည်မျှဝေရေးသား ဖော်ပြလိုက်ပါသည်။

### စိတ်မှာဒဏ်ရာ အနာတရတွေ စွဲကျန်ရစ်နေ

“ ဆရာမက အေးအေးချမ်းပဲ စာသင်ချင်တာ။ ခုဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါရော၊ CDM လှုပ်ရှားမှုပါ ဆက်သွားတော့ ကလေးတွေ ပညာသင်နှစ် တစ်နှစ် နစ်နာခဲ့ရတယ်။ ကျောင်းတွေ အရေးပေါ် ပိတ်ခဲ့တာ ကာလအားဖြင့် တိတိကျကျပြောရရင် တစ်နှစ်ကျော်တောင်ရှိနေပြီ။ တစ်နှစ်လုံးလုံး ကျောင်းစာတွေနဲ့ ကင်းကွာသွားတော့ တချို့ကလေးတွေဆို ကျောင်းစာတွေရော စိတ်ဝင်စားမှုရှိသေးရဲ့လား မသိဘူး။ တကယ်တော့ အခုလတ်တလော ဖြစ်ပေါ်နေတဲ့ CDM လှုပ်ရှားမှုမှာက ပညာသင်ကြားနေရတဲ့ လူငယ်အရွယ်တွေ အများကြီးပါနေတာကို တွေ့ရတယ်။ တကယ်တော့ အခုလိုတွေ ပါနေတာဟာ မိဘတွေအနေနဲ့လည်း အလိုမလိုက်သင့်ဘူး။ CDM လှုပ်ရှားမှုမှာ ပါဝင်လို့ ဘာမှမဖြစ်ရင်တော့ထား၊ တစ်ခုခုဖြစ်ပြီဆိုရင် အရင်ဆုံးရင်နာရမှာက မိဘတွေပဲ။ ဆရာမအမြင်ပြောရရင်တော့ နောက်ဆုံး ဒီ CDM လှုပ်ရှားမှုမှာ ထိခိုက်ပွန်းပဲ့မှု တစ်စုံတစ်ရာမဖြစ်ခဲ့ရင်တောင် အနည်းဆုံးတော့ အဲဒီကလေးက ကျောင်းစာစိတ်ဝင်စားမှု နည်းသွားတာတို့၊ အချိန်မတိုင်မီ နိုင်ငံရေးဘက် စိတ်ဝင်စားသွားတာတို့၊ ပြောရရင် ကလေးတွေရဲ့ စိတ်မှာဒဏ်ရာ အနာတရတွေ စွဲကျန်ရစ်နေမှာပဲ။ အဲဒီအချက်တွေကို အုပ်ထိန်းသူ မိဘတွေအနေနဲ့ အထူးဂရုပြုဖို့ လိုတယ်။

### ဘဝလမ်းကြောင်းလွဲချော်မှု ဖြစ်သွားနိုင်

“ဆရာမအနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ကလေးတွေ အခုလို နိုင်ငံရေးမှာ ပါဝင်နေတာဟာ တိုင်းပြည်လည်းနစ်နာသလို၊ ကလေးတွေရဲ့ အနာဂတ်ပညာရေးဟာလည်း အစောကပြောသလို ကောင်းတဲ့ဘက်ကို ဦးတည်မသွားဘဲ ဘဝလမ်းကြောင်းလွဲချော်မှု ဖြစ်သွားနိုင်တယ်။ တကယ်တော့ CDM လှုပ်ရှားမှုက ဝန်ထမ်းတွေ ရုံးမတက်၊ အလုပ်မလုပ်ကြဖို့ ဦးတည်ပေမယ့် နိုင်ငံရေးအကြောင်း ဘာမှမသိသေးတဲ့ ကျောင်းနေအရွယ်ကလေးတွေ ပါဝင်လာကြတာဟာ နိုင်ငံရေးအပေါ် အမြတ်ထုတ် လှုံ့ဆော်သူများရဲ့ ရည်ရွယ်ချက်ဆိုတာ ပေါ်လွင်နေတာပဲ။ အခုနောက်ပိုင်း ကျောင်းတွေမှာတောင် ကလေးတွေ အများစုက ဖုန်းတွေကိုယ်စီနဲ့ အွန်လိုင်းသုံး၊ ဂိမ်းဆော့နေကြလို့ ဆရာ၊ ဆရာမတွေ မနိုင်ကြရတဲ့အထဲ အခုလိုနိုင်ငံရေးပိုးသူတို့စိတ်ထဲ ကိန်းအောင်သွားမယ်ဆိုရင် သူတို့ရဲ့ အနာဂတ်က ဘယ်လိုမှ လှပစရာအကြောင်း မရှိတော့ဘူး။ ဆရာမကတော့ ဒီCDM လှုပ်ရှားမှုကိုအကြောင်းပြုတဲ့ နိုင်ငံရေးဆူပူလှုံ့ဆော်မှုတွေကို အမြန်ဆုံးရပ်စေချင်ပြီ။ ပညာဆက်လက်သင်ကြားရမယ့် ကလေးတွေကိုလည်း ဆက်ပြီးတော့ မပါဝင်စေချင်တော့ဘူး” ဟု CDM လှုပ်ရှားမှုတွင် ကျောင်းသားအရွယ်လူငယ်များ ပါဝင်နေမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ အခြေခံပညာအထက်တန်းကျောင်းဆရာမ ဒေါ်တင်နွဲ့ရီ(အမည်လွှဲ)က သူမ၏အမြင်ကို ပြောသည်။

ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုများကို အကြောင်းပြုသော နိုင်ငံရေးဆူပူမှုများတွင် မြို့အသီးသီးလမ်းမများပေါ်၌ ပညာသင်ကြားနေသော ကျောင်းနေအရွယ် လူငယ်များ ပါဝင်နေကြသည်။ ယင်းသို့ ပါဝင်နေခြင်းသည် နိုင်ငံရေးပယောဂ အမြတ်ထုတ် ဦးဆောင်သူများ အနာဂတ်မျိုးဆက်သစ်များအတွက် ဆိုသည့်လေပြေသွေးကာ ရှေ့သို့မတက်တက်အောင် လှုံ့ဆော်မှုများကြောင့် အနာဂတ်မျိုးဆက်သစ်တချို့ အကြောင်းကံမသင့်ဘဲ ကြွေလွင့်ခဲ့ကြရသည်များကို တွေ့မြင်နေရသည်။

### နောင်တကိုယ်စီ အသီးသီးရ

ရန်ကုန်မြို့ လျှပ်စစ်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်ဝင်းကလည်း CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ “ ကျွန်တော်ကတော့ အခုလတ်တလောဖြစ်ပျက်နေတဲ့ အခြေအနေတွေအပေါ်မှာ အတော်လေးကို စိတ်ကုန်နေပြီ။ အထူးသဖြင့် CDM လှုပ်ရှားမှုကို အကြောင်းပြုပြီး ဝန်ထမ်းတွေ ရန်လုပ်တယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်သွားတဲ့ ဝန်ထမ်းတွေကလည်း ဌာနမှာ ကျန်ခဲ့တဲ့သူတွေကို အကောင်းမမြင်သလို၊ ပြည်သူတချို့ကလည်း အမြင်မကြည်လင်ကြဘူး။ တကယ်တော့ ကျွန်တော်တို့ လျှပ်စစ်ဝန်ထမ်းတွေဆိုတာ ပြည်သူတွေ လျှပ်စစ်မီး ၂၄ နာရီ မီးရရှိရေး အလေးပေး ဆောင်ရွက်ပေးနေကြတဲ့သူတွေပါ။ ပြောရရင် ၂၄ နာရီ ပြည်သူ့ဝန်ဆောင်မှုပေးနေရတဲ့ ဝန်ထမ်းတွေဆိုတာ သူတို့လည်းအသိပဲ။ ရုံးဝင်ပေါက်မှာဆို အထင်အမြင်လွဲတာတွေ များလွန်းလို့ ကျွန်တော်တို့ လျှပ်စစ်ဝန်ထမ်းတွေက ပြည်သူတွေ ၂၄ နာရီ မီးရရှိရေး ဝန်ဆောင်မှုပေးနေတယ်၊ ထမ်းဆောင်နေကြရပါတယ်လို့တောင် ပို့က်ဘုတ်မှာရေးပြီး ထောင်ထားရတယ်။ ခဏခဏ ရုံးရှေ့ကိုလာပြီး CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ လာလာတိုက်တွန်းနှိုးဆော်နေကြလို့ အခုဆိုရင် CDM လှုပ်ရှားမှုမှာ ပါဝင်သွားကြတဲ့ ဝန်ထမ်းတွေအတွက် သူတို့က ဘာတွေဖြည့်ဆည်းပေးကြလဲတော့ မသိဘူး။ အားလုံးကတော့ နောင်တကိုယ်စီ အသီးသီးရနေကြပြီ။

### CDM လှုပ်ရှားမှုနောက်ကွယ် ဖြစ်ရပ်ဆန်းများ

“ဟိုတစ်နေ့ကတောင် ဟိုဘက်ရပ်ကွက် အသိအိမ်တစ်အိမ်က သူ့အိမ်မှာ ဝိုင်ယာရှော့ခ်ဖြစ်နေလို့ လာကြည့်ပေးပါဦးဆိုလို့ သွားကြည့်ပေးတာ သူတို့ရပ်ကွက်အဝင်မှာ လူတစ်စုကို တော်တော်လေး ရှင်းပြလိုက်ရတယ်။ ခုအချိန်မှာ ဘာမဟုတ်တဲ့ကောင်တွေကိုလည်း ဂရုတစိုက်ဆက်ဆံနေရတယ်။ သူတို့က ရပ်ကွက်လုံခြုံရေးအကြောင်းပြပြီး ဘယ်သူမှမခန့်တဲ့ ရာထူးတွေနဲ့။ သူတို့ အနားကပ်လိုက်တော့ အရက်အိုးထဲ ခေါင်းနှစ်ခဲ့တဲ့သူလိုပဲ အရက်နံ့က တထောင်းထောင်းနဲ့။ သူတို့ကိုယ် သူတို့တော့ ရပ်ကွက်ရဲ့ သူရဲကောင်းကြီးတွေပေါ့။ လေးခွတွေ တကားကားနဲ့လေ။ ရပ်ကွက်လမ်းတွေမှာလည်း ဝါးထရံကပ်တွေက အထပ်ထပ်ကာရံထားသေးတယ်။ နိုင်ငံရေးဆူပူအကြမ်းဖက်မှုကို လိုလားတဲ့ သူတချို့ရဲ့ မြှောက်ပေးမှုတွေ ရှိနေတော့ အခုလို လူမျိုးတွေက CDM လှုပ်ရှားမှုကို အကြောင်းပြုပြီး ရပ်ကွက်တွေအတွင်းမှာ နေရာဝင်ယူနေချင်ကြတာဟာ တော်တော်အရုပ်ဆိုးလွန်းပါတယ်” ဟု CDM လှုပ်ရှားမှုနောက်ကွယ် ဖြစ်ရပ်ဆန်းများကို ရင်ဖွင့်ခဲ့သည်။

ရန်ကုန်မြို့နယ်များအတွင်း ရပ်ကွက်အချို့၌ CDM လှုပ်ရှားမှု အကြောင်းပြုကာ ဆူပူမှုအရှိန်မလျော့ကျရေး နည်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိနေသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတစ်စုက နိုင်ငံရေးအသိပညာမကြွယ်ဝသူ ပြည်သူအများစု အထူးသဖြင့် လူငယ်မျိုးဆက်သစ်များကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် နည်းအဖုံဖုံသုံးကာ မက်လုံးပေး၊ ငွေကြေးထောက်ပံ့မှုနည်းလမ်းများဖြင့် သွေးထိုးလှုံ့ဆော်မှုကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ဆဲပင် မြင်တွေ့ကြားသိနေရသည်။

### အလုပ်ပြုတ်မဲ့အခြေအနေဖြစ်နေ

“ ကျွန်မက နယ်ကနေ ဒီရန်ကုန်ကိုတက်ပြီး အလုပ်လာလုပ်တာ ၁၀ လဝန်းကျင်ရှိပါပြီ။ အထည်ချုပ်မှာပဲ လုပ်တာပါ။ ကိုဗစ်- ၁၉ ကာလတုန်းကတော့ စက်ရုံက အထည်တွေလာရင် အလှည့်ကျလူခွဲပြီး ကိုဗစ်-၁၉ ကပ်ရောဂါ လမ်းညွှန်ချက်များနဲ့အညီ အလုပ်ကို ကြိုကြားကြိုကြား ဆင်းရပါသေးတယ်။ အခု ဇန်နဝါရီလကုန်ကတည်းက အခုအချိန်အထိ စက်ရုံကလည်းပိတ်လိုက်တာ။ ဒီ CDM လှုပ်ရှားမှုက ကိုဗစ်-၁၉ ကပ်ရောဂါထက်တောင် ဆိုးနေတယ်။ ခုဆို စက်ရုံက ဝန်ထမ်းအချို့လည်း CDM လှုပ်ရှားမှုမှာ ပါဝင်တယ်ဆိုပြီး အလုပ်မဝင်ကြတော့ဘူးတဲ့။ စက်ရုံဘက်ကလည်း အဲဒီလိုကြားရော အလုပ်သမားမရှိရင် သူတို့ကလည်း စက်ရုံပိတ်မယ်လို့ ကြားနေရတယ်။ ကြားထဲက ကျွန်မတို့ CDM လှုပ်ရှားမှုမှာမပါတဲ့ ဝန်ထမ်းတွေက အလုပ်ပြုတ်မယ့်အခြေအနေ ဖြစ်နေတယ်။ စိတ်လည်း အတော်ညစ်နေပြီ။ အလုပ်တွေကသာ အခုနိုင်ငံရေးအခြေအနေကြောင့် ရပ်ထားရပေမယ့် ကုန်ကျစရိတ်တွေကတော့ အရင်လိုပဲ ပုံမှန်လေ။ ရန်ကုန်မှာ CDM လှုပ်ရှားမှုစလို့ အလုပ်စပိတ်ကတည်းက လက်စွပ်သွားပေါင်ထားတဲ့ ငွေလည်းကုန်တဲ့အပြင် သူငယ်ချင်းဆီက ချေးထားတဲ့အကြွေးတွေလည်း တော်တော်များနေပြီ။

### အေးအေးချမ်းချမ်း ဖြစ်စေချင်ပါပြီ

“ ဒီအတိုင်းဆို အလုပ်သစ်တောင် ပြန်ရှာရတော့မယ့်အခြေအနေ။ အခုနောက်ပိုင်း အထည်ချုပ်စက်ရုံတွေကလည်း အရင်လိုမဟုတ်တော့ဘူး။ အလုပ်ခေါ်တာတွေထက် ဝန်ထမ်းအင်အား လျှော့တာတွေက များနေတာ။ အခု CDM လှုပ်ရှားမှုပြီးရင်တော့ ဘယ်လိုအခြေအနေဖြစ်မလဲ မသိသေးဘူး။ လောလောဆယ်တော့ အိမ်ကို ပိုက်ဆံပြန်မထောက်ပံ့နိုင်တဲ့အပြင် မိဘတွေဆီကပဲ မှာပြီးသုံးနေရတယ်။ အခုလဆို အဆောင်ကြေးက ပေးရတော့မှာ။ အရင်လက မပေးရတော့ နှစ်လပေါင်းပြီး ပေးရမှာ။ တကယ်တော့ ဒီ CDM လှုပ်ရှားမှုက ကျွန်မတို့လို အောက်ခြေလူတန်းစားတွေအတွက်တော့ ဘာကောင်းကျိုးမှ မပေးဘူး။ မြန်မြန်ပြီးဆုံးပြီး အေးအေးချမ်းချမ်း ဖြစ်စေချင်ပါပြီ။ အခုလိုတွေဖြစ်နေတာက နောက်ဆုံး ကျွန်မတို့လို ပြည်သူတွေပဲ နစ်နာတာပါ” ဟု ရွှေပြည်သာ စက်မှုဇုန်အထည်ချုပ်စက်ရုံတစ်ရုံမှ ဝန်ထမ်းတစ်ဦးဖြစ်သူ မသူဇာဌေး (အမည်လွှဲ) က CDM လှုပ်ရှားမှု နောက်ကွယ်လုပ်ငန်းခွင်အခြေအနေနှင့်ပတ်သက်၍ ပြောသည်။

ယနေ့ နိုင်ငံတော်အေးချမ်းမှုကို မလိုလားသူတချို့က နိုင်ငံ့ဝန်ထမ်းများအား မက်လုံးအမျိုးမျိုးပေးကာ CDM လှုပ်ရှားမှုတွင် ပါဝင်ပါက ဘယ်လိုတွေအကျိုးခံစားရမည်၊ ဘယ်လိုတွေ ထောက်ပံ့ပေးသွားမည်ဆိုသူများသည် အယုံကြည်လွယ်သူတချို့ကို ယုတ္တိတန်အောင် ပြောဆိုစည်းရုံးခြင်းပင်ဖြစ်သည်။ လတ်တလော အမှီအခိုမဲ့နေသော ဝန်ထမ်းအများစုကို ကြည့်ခြင်းအားဖြင့် ထင်သာမြင်သာ တွေ့မြင်နေရသည်။ ယင်းအဖြစ်အပျက်များသည် ပုံပြင်မဟုတ်ဘဲ ကာလတိုအတွင်း မျှော်မှန်းမထားသည့် နိုင်ငံရေးအပြောင်းအလဲ အဖြစ်အပျက်များပင်ဖြစ်၍ နောင်မျိုးဆက်သစ်လူငယ်ဝန်ထမ်းများအနေဖြင့် အတုယူမမှားကြစေရန် ရေးသားဖော်ပြလိုက်ရပါသည်။

# နေ့စဉ်ဘဝငွေကြေးလည်ပတ်ဖို့အတွက် ဘဏ်တွေပြန်ဖွင့်ပေးပါ

—— နေခြည်သွေး ——

တိုးတက်လာတဲ့ လူမှုဘဝဖြစ်စဉ်တွေထဲမှာ ဘဏ်လုပ်ငန်းတွေဟာ မပါမဖြစ် လိုက်ပါဖွံ့ဖြိုးတိုးတက်နေပါတယ်။ လူသားတွေဟာ ဘဏ်တွေမှာ ငွေတွေကိုအပ်တယ်၊ တန်ဖိုးရှိတဲ့ စာချုပ်စာတမ်းတွေ သိမ်းဆည်းတယ်၊ ချေးငွေတွေရယူတယ်၊ ငွေတွေကို တစ်နေရာကနေ တစ်နေရာလွှဲတယ် စတဲ့ လုပ်ဆောင်မှုတွေကို နေ့စဉ် လုပ်ဆောင်နေကြရပါတယ်။ အဲဒီနေရာမှာ အသေးစိတ်ပြောရရင် စာရင်းရှင်အပ်တယ်၊ ငွေစုဘဏ်စာရင်းတွေ ဖွင့်ကြပါတယ်၊ ချေးငွေဆိုရင်လည်း မော်တော်ကား၊ ဖုန်း၊ အိမ်စသည်ဖြင့် ဘဏ်ချေးငွေနဲ့ ဝယ်ယူကြတယ်၊ ဒါ့အပြင် တူညီတဲ့ဘဏ်အချင်းချင်းငွေလွှဲတယ်၊ မတူညီတဲ့ဘဏ်တွေကို ငွေလွှဲတယ်၊ နိုင်ငံတကာနဲ့ ငွေလွှဲပို့ ဆောင်ရွက်ကြပါတယ်။ လက်ရှိ မိမိတို့နိုင်ငံမှာ အစိုးရဘဏ် လေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ် ရှိပါတယ်။

### ဘဏ်တွေ ပိတ်ထားခဲ့ရ

အစိုးရဘဏ်နဲ့ ပုဂ္ဂလိကဘဏ်ဝန်ထမ်းအချို့ ရုံးမတက်နဲ့ရှန်းထွက်ကြဆိုတဲ့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတယ်။ သူတို့ကို နောက်ကွယ်က နိုင်ငံပျက်စီးရာပျက်စီးကြောင်း ကြံစည်သူတွေက မြှောက်ပင့်ပေးနေကြတာကိုလည်း မြင်တွေ့ရပါတယ်။ ရည်ရွယ်ချက်က ဘဏ္ဍာရေးဆိုင်ရာယန္တရားကို ရပ်တန့်အောင်လုပ်ဖို့အတွက်ဆိုပြီး ရည်ရွယ်ကြတာဖြစ်ပါတယ်။ ဆန္ဒပြသူတွေဟာ ဘဏ်တွေရဲ့ ပတ်ပတ်လည်မှာ ဆန္ဒပြနေတာကို ဖေဖော်ဝါရီလဆန်းကတည်းက ကြုံတွေ့ခဲ့ရပါတယ်။ ဘဏ်ကို လာရောက်တဲ့ဝန်ထမ်းတွေကို ရုံးမတက်ကြဖို့အတွက် အတင်းအကျပ်ဖိအားပေးတောင်းဆိုတာတွေကိုလည်း ဆက်တိုက်လုပ်ခဲ့ကြတာမို့ ဘဏ်တွေ ပိတ်ထားခဲ့ရပါတယ်။

အစိုးရဘဏ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ဓာတ်ပုံရိုက်ပြီး အွန်လိုင်းပေါ်တင်၊ အရှက်ခွဲတာမျိုးကိုလည်း လုပ်ဆောင်ခဲ့ကြတဲ့အတွက် တာဝန်သိသိနဲ့ ပြည်သူတွေငွေကြေးလုပ်ငန်းများ အဆင်ပြေစေရေးဆောင်ရွက်ပေးနေကြတဲ့ ဘဏ်ဝန်ထမ်းတွေ အခက်ကြုံခဲ့ကြရပါတယ်။ ပုဂ္ဂလိကဘဏ်တွေဟာ ဘဏ်ဝန်ထမ်းတွေအတွက် လစာတွေ ပေးအပ်နေရဆဲဖြစ်ပေမယ့် လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် အင်အားပြန်လည်စုစည်းနေရတယ်လို့လည်း ကြားသိရပါတယ်။

ပုဂ္ဂလိကဘဏ်တွေ ရပ်တန့်သွားတာက ဖေဖော်ဝါရီ ၈ ရက်နေ့ကတည်းကလို့ ဆိုနိုင်ပါတယ်။ ဘဏ်တွေရပ်တန့်သွားတဲ့အတွက် အထိနာကြရသူတွေကတော့ မိမိတို့ ပြည်သူအများစုပဲဖြစ်ပါတယ်။ ငွေသားကိုင်ဆောင်နေရာကနေ နိုင်ငံတကာ၊ ပြည်တွင်း ငွေကတ်မျိုးစုံကို ကိုင်ဆောင်ထားကြတဲ့ မြို့ပြလူတန်းစားတွေ၊ ငွေသားတွေကို ဘဏ်တွေထဲ သိမ်းထားပြီး လိုသလောက်သာ ထုတ်သုံးလိုကြတဲ့ တောင်သူတွေ၊ ပို့ကုန်တင်ပို့တဲ့အခါ ဘဏ်တွေကိုပဲ အားထားပြီး ငွေလွှဲ၊ ငွေလက်ခံလုပ်ကြရတဲ့ လုပ်ငန်းရှင်တွေ၊ လစာအတွက် ဘဏ်ကနေကိုယ်ပိုင်အကောင့်ထဲကို လွှဲယူလက်ခံကြတဲ့ လခစားဝန်ထမ်းတွေအားလုံး ရှင်လျက်နဲ့သေဘဝကို ရောက်အောင် တွန်းပို့လိုက်တဲ့ လက်သည်တရားခံကတော့ CDM လှုပ်ရှားမှုကို အားပေးထောက်ခံပြီး မြှောက်ပင့်ပေးလိုက်ကြသူတွေလို့ စာရေးသူကတော့ ဆိုချင်ပါတယ်။

**“ပုဂ္ဂလိကဘဏ်အများစုမှာ ငွေကြေးအပ်နှံတာ၊ လွှဲပြောင်းတာနဲ့ ချေးငွေရယူကြသူအားလုံးဟာ လက်ရှိတာဝန်ယူထားတဲ့ အစိုးရမဟုတ်ဘဲ ပြည်သူတွေပဲဖြစ်ပါတယ်။ ပြည်သူတွေဟာ ဘဏ်တွေပိတ်ထားကြတဲ့ နောက်ဆက်တွဲအကျိုးဆက်ကို စတင်ခံစားနေကြရပြီး ငွေကြေးသုံးစွဲမှုမှာ အကြီးမားဆုံး ထိခိုက်ကြရသူတွေ ဖြစ်ပါတယ်။မိမိတို့သမ္မာအာဇီဝနဲ့ ရှာဖွေထားတဲ့ ငွေကြေးတွေကို ကိုယ်တိုင်တောင် ထုတ်ယူဖို့အခက်အခဲဖြစ်နေတဲ့ အခြေအနေကိုတော့ ဘယ်နိုင်ငံသားကမှ ရေရှည်တောင့်ခံနိုင်မှာမဟုတ်ပါဘူး၊ ပြည်သူတွေအနေနဲ့ ဘဏ်တွေမဖွင့်နိုင်အောင် နောက်ကွယ်က ကြိုးဆွဲ နေကြသူတွေအပါအဝင် စည်းရုံးလှုံ့ဆော်နေသူတွေကို ဖော်ထုတ်ပြီး တာဝန်ရှိသူတွေဆီ သတင်းပို့စေချင်တယ်၊ အရေးယူအပြစ်ပေးဖို့ ပူးပေါင်းဆောင်ရွက်စေချင်တယ်။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ မိမိတို့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပြီး လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့အတွက်လည်း အထူးဖိတ်ခေါ်လိုက်ပါတယ်”**

ဆိုးရွားတဲ့အခြေအနေမှာ အလွယ်တကူ ငွေထုတ်နိုင်စေဖို့ရည်ရွယ်ပြီး ATM စက်တွေထဲကို ငွေသားဖြည့်တင်းပေးတဲ့ ဝန်ထမ်းတွေကို ဆန္ဒပြကြတယ်။ CDM မလုပ်လို့ဆိုပြီး ရှုတ်ချကြတယ်။ အရေးပေါ်ငွေသား လိုအပ်သူတွေအတွက် နောက်ထပ် မဖြည့်ပေးရဲအောင် လုပ်ဆောင်ကြတယ်။ ဒါ့အပြင် ပြည်သူလူထုစိုးရိမ်ပူပန်မှုတွေ အမြင့်ဆုံးရောက်ဖို့အတွက် နိုင်ငံတော်မှာ ငွေကြေးမရှိတော့ဘူး၊ အချို့ငွေစက္ကူတွေ ပြန်လည်သိမ်းဆည်းမယ်ဆိုတဲ့ မဟုတ်မမှန်သတင်းတွေကိုလည်း ထုတ်ဝေခဲ့ကြပါတယ်။

**“ဘဏ်တွေပိတ်ထားရတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေဟာ Payment Transfer တွေကို ထုတ်မပေးနိုင်ဘူး။ ငွေကြေးလွှဲပြောင်းပေးပို့တာ၊ လက်ခံတာတွေလုပ်လို့မရပါဘူး။ အဲဒီအကျိုးဆက်ဟာ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအားလုံး အထိနာကုန်ပြီး ကုန်ဈေးနှုန်း ထိန်းချုပ်နိုင်မှုကိုလည်း ရိုက်ခတ်လာနိုင်စေပါတယ်။ အဲဒီဒုက္ခကို အဆုံးသတ်ခံစား ကြရမယ့်သူတွေကတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ကြောင့် လပေါင်းများစွာ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုတွေ၊ တစ်ဦးချင်းဝင်ငွေတွေ ကျဆင်းနေရတဲ့အကြားမှာ ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရတဲ့အတွက် ဆိုးရွားတဲ့အကျိုးဆက်ကို ခံစားနေကြရပြီဖြစ်ပါတယ်”**

ဖေဖော်ဝါရီလကတည်းက ဗဟိုဘဏ်ကနေ ပုဂ္ဂလိကဘဏ်တွေ ပြန်လည်ဖွင့်လှစ်ဖို့အတွက် ညွှန်ကြားထားခဲ့ပေမယ့် လက်ရှိအချိန်အထိ ပုဂ္ဂလိကဘဏ်အချို့က ဘဏ်ခွဲအချို့သာ ဖွင့်လှစ်နိုင်ခဲ့သေးပါတယ်။ ပုဂ္ဂလိကဘဏ်များ ပိတ်ထားရမှုများပြားတဲ့အတွက် မြဝတီကဲ့သို့သော ဘဏ်များက ဖွင့်လှစ်ပေးပြီး ငွေကြေးဆိုင်ရာလုပ်ငန်းလည်ပတ်မှုများကို အားဖြည့်ပေးခဲ့ပေမယ့် သွေးထိုးသူများက ငွေကြေးအကုန်ထုတ်ယူစေတာ၊ မရပ်မနား ငွေထုတ်ယူတာတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

### ဘဏ်ခွဲအချို့သာ ဖွင့်လှစ်

ပြည်သူလူထုက စိုးရိမ်ကြောင့်ကြမှုတွေရှိနေတဲ့အတွက် ဖွင့်တဲ့ဘဏ်တွေမှာ လူတွေတိုးမပေါက်အောင် ရောက်ရှိသွားကြပြီး ဘဏ်မှာအပ်နှံထားတဲ့ ငွေသားတွေကို အသုံးမလိုပေမယ့် ပြန်လည်ထုတ်ယူကြတာတွေကိုလည်း ကြားသိနေရပါတယ်။ ဒီလိုပေးနိုင်တဲ့ဝန်ဆောင်မှုနဲ့ ဝန်ဆောင်မှုရယူလိုသူ အင်အားမမျှတဲ့အတွက် ဘဏ်တွေ ပြန်လည်ဖွင့်လှစ်ပေးဖို့ အခက်အခဲတွေလည်း ရင်ဆိုင်နေကြတာကို မြင်တွေ့နေရပါတယ်။

ဘဏ်တွေပိတ်ထားရတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေဟာ Payment Transfer တွေကို ထုတ်မပေးနိုင်ဘူး။ ငွေကြေးလွှဲပြောင်းပေးပို့တာ၊ လက်ခံတာတွေလုပ်လို့မရပါဘူး။ အဲဒီအကျိုးဆက်ဟာ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအားလုံး အထိနာကုန်ပြီး ကုန်ဈေးနှုန်းထိန်းချုပ်နိုင်မှုကိုလည်း ရိုက်ခတ်လာနိုင်စေပါတယ်။ အဲဒီဒုက္ခကို အဆုံးသတ်ခံစားကြရမယ့်သူတွေကတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ကြောင့် လပေါင်းများစွာ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုတွေ၊ တစ်ဦးချင်းဝင်ငွေတွေ ကျဆင်းနေရတဲ့အကြားမှာ ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရတဲ့အတွက် ဆိုးရွားတဲ့အကျိုးဆက်ကို ခံစားနေကြရပြီဖြစ်ပါတယ်။

ဘဏ်တွေဟာ ငွေကြေးကြားခံလုပ်ငန်းတွေဖြစ်ပါတယ်။ အပ်နှံလိုတဲ့ငွေတွေကို လက်ခံပေးပြီး ချေးငှားလိုတဲ့သူတွေကို ပြန်လည်ချေးငှားပေးကြရသူတွေပါ။ ဘဏ်တွေဟာ ငွေကြေးစနစ်ရဲ့ အခြေခံအကျဆုံးအစိတ်အပိုင်းဖြစ်သလို ငွေကြေးဈေးကွက်မှာလည်း အရေးပါတဲ့ ကစားသမား (Player) ဖြစ်ပါတယ်။ မိမိရဲ့ဘဏ်စာရင်းထဲက ငွေကြေးတွေကို လိုအပ်တဲ့နေရာမှာ ထုတ်သုံးဖို့၊ အရောင်းအဝယ်လုပ်ထားတဲ့ ငွေကြေးတွေ မိမိစာရင်းထဲကို အမှန်တကယ်ရောက်ရှိပြီလား စစ်ဆေးနိုင်ဖို့နဲ့ လစဉ်လစာငွေတွေ ထုတ်ယူဖို့ဆိုတာ ဘဏ်တွေကိုပဲ အားထားနေကြရတာပါ။ ဘဏ်ချေးငွေတွေရယူထားကြတဲ့ ပြည်သူတွေ စီးပွားရေးကျပ်တည်းလာတဲ့အခါ၊ ငွေကြေးလည်ပတ်စီးဆင်းမှု ခက်ခဲလာတဲ့အခါ အကျိုးဆက်အနေနဲ့ တိုင်းပြည်စီးပွားရေး ထိခိုက်လာနိုင်တာကိုလည်း သတိပြုစေချင်ပါတယ်။

### အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်

မိုဘိုင်းငွေပေးချေမှုနဲ့ အီလက်ထရွန်နစ်ငွေပေးချေမှုပုံစံတွေရှိပေမယ့် ပြည်သူအများစုက သုံးစွဲမှုမပြုနိုင်သေးပါဘူး။ ဒီကာလမှာ ဘဏ်တွေဟာ ပုံမှန်မဖွင့်နိုင်ဘူးဆိုရင် ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးတို့အတွက် ငွေကြေးသုံးစွဲမှု အားနည်းလာနိုင်တာကိုလည်း မြင်တွေ့နေရပါတယ်။ ဘဏ်တွေဟာ တိုင်းပြည်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ ဘဏ်လုပ်ငန်းတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့ မျှော်လင့်လျက်ရှိနေပါတယ်။

ပုဂ္ဂလိကဘဏ်အများစုမှာ ငွေကြေးအပ်နှံတာ၊ လွှဲပြောင်းတာနဲ့ ချေးငွေရယူကြသူ အားလုံးဟာ လက်ရှိတာဝန်ယူထားတဲ့အစိုးရမဟုတ်ဘဲ ပြည်သူတွေပဲဖြစ်ပါတယ်။ ပြည်သူတွေဟာ ဘဏ်တွေပိတ်ထားကြတဲ့ နောက်ဆက်တွဲအကျိုးဆက်ကို စတင်ခံစားနေကြရပြီး ငွေကြေးသုံးစွဲမှုမှာ အကြီးမားဆုံး ထိခိုက်ကြရသူတွေဖြစ်ပါတယ်။ မိမိတို့သမ္မာအာဇီဝနဲ့ ရှာဖွေထားတဲ့ ငွေကြေးတွေကို ကိုယ်တိုင်တောင် ထုတ်ယူဖို့အခက်အခဲဖြစ်နေတဲ့ အခြေအနေကိုတော့ ဘယ်နိုင်ငံသားကမှ ရေရှည်တောင့်ခံနိုင်မှာမဟုတ်ပါဘူး၊ ပြည်သူတွေအနေနဲ့ ဘဏ်တွေမဖွင့်နိုင်အောင် နောက်ကွယ်က ကြိုးဆွဲနေကြသူတွေ အပါအဝင် စည်းရုံးလှုံ့ဆော်နေသူတွေကို ဖော်ထုတ်ပြီး တာဝန်ရှိသူတွေဆီ သတင်းပို့စေချင်တယ်၊ အရေးယူအပြစ်ပေးဖို့ ပူးပေါင်းဆောင်ရွက်စေချင်တယ်။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ မိမိတို့ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပြီး လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့အတွက်လည်း အထူးဖိတ်ခေါ်လိုက်ပါတယ်။ ။

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကိုဗစ်အလွန်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မွန့်ဆရီးကျေးရွာသို့ သွားရောက် ကွင်းဆင်းကြည့်ရှု

**ဘားအံ မတ် ၁၂**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကိုဗစ်အလွန်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စုရှိ မွန့်ဆရီးကျေးရွာကို အများပြည်သူနှင့် ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ယမန်နေ့က သွားရောက်ကြည့်ရှုကြသည်။



ထိုသို့ သွားရောက်ကြည့်ရှုရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန့်ဆရီးကျေးရွာပန်းခြံ၊ နှစ်လမ်းသွားရွာလယ်လမ်း၊ မွန့်ဆရီးကျေးရွာရှိ အိမ်ထောင်စုများ တစ်လတစ်ခါ (သို့) အခါအားလျော်စွာ စုပေါင်းစားသောက်ကြသည့် ထမင်းစားဆောင်၊ ဘုရားရှိခိုးကျောင်း၊ မူလတန်းကြိုကျောင်း၊ မွန့်ဆရီးကျေးရွာအနီး ကရင်လဲကယ်ရွာရှိ ကရင်ဖလုံဝဲရှာ အရိယာဘာသာ သာသနာ ရွှေသဘော်ကျောင်းမှ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တစ်နှစ်တစ်ခါ ကောက်သစ်စားပွဲ ကျင်းပရာ ကျောက်တိုင်နှင့် ရှေးခေတ်ကရင်အိမ်တို့ကို ကြည့်ရှုအားပေးပြီး ကျေးရွာခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်း၊ ဆည်မြောင်း အစရှိသော ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် နိုင်ငံခြားသားများ စိတ်ဝင်စားပြီး ကရင်တိုင်းရင်းသားလူမျိုးများသာစုပေါင်းနေထိုင်ကြသည့် ကျေးရွာအတွင်း မူခင်း ဖြစ်ပွားမှုမရှိသော၊ သက်ရှိ ကျွဲ၊ နွား၊ ကြက်၊ ဝက် တိရစ္ဆာန်များ မွေးမြူခြင်းမရှိသော၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိသော၊ သန့်ရှင်းသာယာသော ဖွဲကပင်တောင်ခြေရှိ မွန့်ဆရီးကျေးရွာကို ကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ဖော်ထုတ်မြှင့်တင်ပေးသည့်အနေဖြင့် ကိုဗစ်အလွန်ကာလတွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ် အပန်းဖြေအနားယူနိုင်ရန် နေရာသစ်တစ်ခုအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ သွားရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကမ္ဘာကျေးရွာအုပ်စုရှိ ရေတံခွန်ရေလှောင်ကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေး၊ ရေလှောင်ကန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျနေရာချထားပေးနိုင်ရေးနှင့် ရေလှောင်ကန်တစ်ကန် ထပ်မံတည်ဆောက်ပေးနိုင်ရေးတို့ကို မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေး သုတေသနပြုနေ

**ရန်ကုန် မတ် ၁၂**

ရခိုင်ပြည်နယ်အတွင်း စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် သုတေသနပြု မှတ်တမ်းများ ကောက်ယူခြင်း၊ သုတေသန စမ်းသပ်ချက်များ လုပ်ဆောင်ခြင်း၊ စမ်းသပ်စိုက်ကွက်များ စိုက်ပျိုးခြင်းတို့ကို လုပ်ဆောင်နေကြောင်း ရခိုင်ပြည်နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သိရသည်။

"ရခိုင်ပြည်နယ် အတွင်းက တောင်သူတွေ စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ဖို့အတွက် သင့်တော်တဲ့ သီးထပ်သီးနှံပုံစံကို ရှာဖွေဖော်ထုတ်ခြင်း၊ သီးထပ်သီးနှံမျိုးတွေရဲ့ စိုက်ပျိုးချိန်တွေကို ရှာဖွေဖော်ထုတ်ခြင်း စတဲ့ရည်ရွယ်ချက်တွေနဲ့ သုတေသနလုပ်ငန်းစဉ်တွေကို လုပ်ဆောင်နေပါတယ်။ ပြည်နယ်အတွင်းမှာ ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ စီးပွားရေး တိုးတက်မြင့်မားလာစေဖို့အတွက်လည်း ရည်ရွယ်ပါတယ်"ဟု မြောက်ဦးမြို့နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မြောင်းဘွေ စိုက်ပျိုးရေး သုတေသနစခန်းမှ လက်ထောက်သုတေသနအရာရှိ ဦးနိုင်မျိုးအောင်က ပြောသည်။

ရခိုင်ပြည်နယ်သည် စိုက်ပျိုးမြေဧရိယာ ၉၄၈၈၀၅ ဧကရှိသဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေး လုပ်ဆောင်ချက်များစွာ လိုအပ်နေသည့် ဒေသတစ်ခုလည်း ဖြစ်သည်။

"ရခိုင်ပြည်နယ်မှာ တစ်နှစ်ကို မိုးရွာရက် ၁၅၀ ရက်ဝန်းကျင်နဲ့ မိုးရေချိန် ၁၉၀ လက်မကျော် ရွာသွန်းပါတယ်။ လေ့လာတွေ့ရှိရတာကတော့ ဒီဒေသမှာ မိုးနှောင်းသီးနှံတွေ စိုက်ပျိုးမှုနည်းတာကို တွေ့ရပါတယ်။ လုပ်အားခ ဈေးနှုန်းတွေ ကြီးမြင့်တဲ့အတွက်ကြောင့် မိုးနှောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနဲ့ တွက်ခြေမကိုက်တာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ရဲ့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေဖို့အတွက် အခုလို သုတေသန စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ရတာဖြစ်ပါတယ်။ အခုလို စမ်းသပ်စစ်ဆေးပြီး စမ်းသပ်ကွက်တွေ စိုက်ပျိုးတဲ့အကျိုးကျေးဇူးတွေအရ ရခိုင်ပြည်နယ်အတွက် မိုးစပါးအပြီး စီးပွားရေးတွက်ခြေကိုက်နိုင်တဲ့ သီးထပ်သီးနှံပုံစံ ရရှိလာမှာဖြစ်ပါတယ်"ဟု ဦးနိုင်မျိုးအောင်က ဆက်လက်ပြောပြသည်။

ကောက်ယူမည့် သုတေသနပြု မှတ်တမ်းများမှာ အပင်ပေါက်ရာခိုင်နှုန်းမှတ်တမ်း၊ ပန်းပွင့်စရက် မှတ်တမ်း၊ ၅၀ ရာခိုင်နှုန်း ပန်းပွင့်ရက် မှတ်တမ်း၊ တစ်ပင်ပါသီးတောင့်/အစေ့ မှတ်တမ်း၊ အစေ့ ၁၀၀ အလေးချိန်/ဂရမ် မှတ်တမ်း၊ တစ်ဧကအထွက်နှုန်း (တင်း) မှတ်တမ်း၊ တစ်ဧကကုန်ကျစရိတ်နှင့် ပြန်ရငွေ မှတ်တမ်း အစရှိသည့် မှတ်တမ်းများဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သိရသည်။

**နန်းထက်ထက်ချစ်**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ပင်းတယ မတ် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် သံဃာတော်များ သက်ကြီးရွယ်အိုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ဒုတိယနေ့အဖြစ် မတ် ၁၁ ရက်တွင် ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

ပင်းတယမြို့နယ်တွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ပထမနေ့ မတ် ၁၀ ရက်တွင် ရဟန်းသံဃာအပါအဝင် လူဦးရေ ၆၁၂ ဦး၊ ဒုတိယနေ့တွင် ၄၂၀၊ စုစုပေါင်း ၁၀၃၂ ဦးအား ကာကွယ်ဆေး ထိုးနှံပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်ကာကွယ်ဆေးလာရောက်ထိုးနှံပေးသည့် တပ်မတော် ဆေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ယမန်နေ့က ကျင်းပသည်။ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ဂုဏ်ပြုအမှာ စကားပြောကြားပြီး ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုဗစ်ကာကွယ် ဆေးလာရောက်ထိုးနှံပေးသည့် အမှတ်(၄) တပ်မတော်ဆေးရုံ ခုတင်(၁၀၀) မှ အရာရှိ စစ်သည်များအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမ်းမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

**အမ်း မတ် ၁၂**

ရခိုင်ပြည်နယ် အမ်းမြို့မြို့အနယ်နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများကို မတ် ၁၃ ရက်မှ စတင်ကာ မြို့နယ်များရှိ ဌာနများအလိုက် ထိုးနှံပေးသည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ထိုးနှံပေးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ ဌာနဆိုင်ရာဝန်ထမ်း၊ NGO များ၏ စာရင်းအရ ၂၃၆၄ ဦးရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်း ကတ်ပြားများ၊ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ပတ်သက်သော သိသင့်သည့် အချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဌာနများအား အကြောင်းကြားစာနှင့်အတူ ဖြန့်ဝေပေးထား ပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေး ထိုးနှံခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေး ရရှိမှုအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်ဖြင့် ထိုးနှံပေးမည့် လူအုပ်စု သတ်မှတ်ကာ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ စတင်ထိုးနှံပေးခဲ့ခြင်းဖြစ်ရာကာကွယ်ဆေးထပ်မံရရှိမှုအရ ဝန်ထမ်းများအား မတ်လမှစတင်၍ ဧပြီလအတွင်း ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# တမူးမြို့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**တမူး မတ် ၁၂**

တမူးမြို့တွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ပြည်သူ့အကျိုးပြု လုပ်ငန်းအဖြစ် သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယမန်နေ့က တမူးမြို့ ပြည်သူ့ဆေးရုံနှင့် အထက(၁) ကျောင်းလမ်းဘေးဝဲယာတို့တွင် ဆောင်ရွက်ကြောင်း သိရသည်။


ထိုသို့ ဆောင်ရွက်ရာ၌ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများက အမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းကြပြီး အလားတူ ခမ်းပါတ်မြို့တွင် အမှတ်-၅ ရပ်ကွက်ရှိ ဘုရားနှင့် ရှေးဟောင်းညောင်ပင်အနီးတို့တွင် လည်းကောင်း၊ မြို့သစ်မြို့တွင် ဘုရားကြီးကျောင်းတိုက် အနီးတို့တွင် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးသန့်ဇင်ထွန်းအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

နေပြည်တော် ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရား ပျက်ကွက်စေရန် ရည်ရွယ်၍ ဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိက ကြိုးကိုင်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သော နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးမင်းသူ၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံတစ်ဦးဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးသန့်ဇင်ထွန်းအား မတ် ၂ ရက်တွင် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု အင်းသားကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ရွှေမင်းသား လက်ဖက်ရည်ဆိုင်၌ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။




**ငွေလွှဲများ လက်ခံရယူ**

ဖမ်းဆီးရမိသူ ဦးသန့်ဇင်ထွန်း၏ ဝန်ခံထွက်ဆိုပြောကြားချက်အရ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးကျော်ထွေး၏ ညွှန်ကြားချက်ဖြင့် ၎င်းနှင့် ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့သည် ပြည်တွင်း၊ ပြည်ပ ထောက်ပံ့သူများထံမှ ငွေလွှဲများလက်ခံရယူ၍ CDM ပြုလုပ်နေသော ဝန်ထမ်းများထံ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တရားမဝင် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဦးသန့်ဇင်ထွန်းသည် ကိုရီးယား သမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် ရန်နိုင်ထွန်းနှင့် ဆက်သွယ်၍ ထောက်ပံ့ငွေမြန်မာငွေကျပ်သိန်း ၈၃၀ ကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် နေထိုင်သူ ဦးအောင်ဇော်လတ်ထံသို့ ပေးပို့စေခဲ့ကြောင်း၊ အဆိုပါငွေများကို ဒဂုံတက္ကသိုလ်ဆရာများသမဂ္ဂအဖွဲ့မှ ဦးလှမျိုးနှင့်ချိတ်ဆက်၍ နေပြည်တော်သို့ လာရောက်ပို့ဆောင်စေခဲ့ကြောင်း၊ အဆိုပါ ငွေကျပ်သိန်း ၈၃၀ ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာတင်ဝင်းထင်ထံပေးအပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း ၄၁၃ ဦးအား CDM တွင် ပါဝင်စေရေးငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဦးသန့်ဇင်ထွန်းသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ခေတ်ပြတိုက် စာပေတိုက်ပိုင်ရှင် ဦးဇော်မင်းကျော်ထံမှ CDM ထောက်ပံ့ငွေသိန်း ၂၀ ကို လက်ခံရယူ၍ နေပြည်တော် စည်ပင်သာယာရေး ဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သူ မင်းချမ်းငြိမ်းထံ ပေးအပ်၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရား ပျက်ကွက်စေရေး CDM တွင် ပါဝင်ဆောင်ရွက်လာစေရန်အတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ဦးသန့်ဇင်ထွန်းထံသို့ CDM ထောက်ပံ့ငွေများ ရရှိနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေါက်တာ နေသစ်ထွန်းနှင့် ဒက္ခိဏသီရိမြို့နယ် NLD အမျိုးသမီးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်လေးလေးနွယ်တို့က ဝန်ထမ်း ၆၀၀ ခန့်၏ အမည်စာရင်းကို ပေးပို့၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရား ပျက်ကွက်စေရေး CDM တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ငွေကြေးတောင်းခံထားခဲ့ကြောင်း သိရှိရသည်။

**ထိရောက်စွာအရေးယူသွားမည်**

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်ပြီး CDM တွင် ပါဝင်လာစေရေး သွေးထိုး ဆောင်ရွက်ခဲ့သူ ဦးသန့်ဇင်ထွန်းအား ၂၀၂၁ ခုနှစ် မတ် ၇ ရက်တွင် လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိပြီး ကျန်ရှိသည့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ဆက်စပ် တရားခံများအား ဝိုင်းဝန်း ဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်ရှိ “စု”အသက်မွေးဝမ်းကျောင်းသိပ္ပံမှ ဦးဇော်မြတ်လင်း သေဆုံးမှုနှင့် ပတ်သက်၍ မဟုတ်မမှန်ရေးသားဖော်ပြနေမှုများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၂)ရပ်ကွက် နှင်းဆီလမ်း အမှတ်(၅၁၂)ရှိ “စု”အသက်မွေးဝမ်းကျောင်းသိပ္ပံအား နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းလှည့်လည် ဆောင်ရွက်လျက်ရှိသော လုံခြုံရေးပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မသင်္ကာ၍ သွားရောက်စစ်ဆေးစဉ် သင်တန်းတာဝန်ခံ ဦးဇော်မြတ်လင်းသည် အိမ်အနောက်ဘက်သို့ ခုန်ချထွက်ပြေးခဲ့ပြီး ခြံစည်းရိုးတွင် ထောင်ထားသော ၂ လက်မခန့်ရှိ စတီးပိုက်ပေါ်သို့ ကျခဲ့သောဝမ်းဗိုက်ပေါက်ပြဲရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ သေဆုံးသူ ဦးဇော်မြတ်လင်း၏ ရုပ်အလောင်း အသွင်သဏ္ဌာန်နှင့် ပတ်သက်၍ လူမှုကွန်ရက် စာမျက်နှာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းစဉ် သေဆုံးသူ၏ မျက်နှာ၏ ပါးစပ်အတွင်းသို့ ရေနွေးပွက်ပွက်ဆူ (သို့မဟုတ်) ဓာတုဆေးရည်တစ်ခုခု လောင်းထည့်ထားကြောင်း၊ ညှဉ်းပန်းနှိပ်စက်ထားကြောင်း စသဖြင့် မဟုတ်မမှန် ရေးသားဖော်ပြကာ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်၊ ပုံရိပ်ညှိုးနွမ်းစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ဝါဒဖြန့်ရေးသားမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဦးဇော်မြတ်လင်း၏ ရုပ်အလောင်းကို ယင်းနေ့ ည မတ် ၉ ရက် နံနက် ၃ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဓာတ်မှန်ရိုက်စစ်ဆေးမှုများ၊ ရင်ခွဲစစ်ဆေးမှုများ ပြုလုပ်ကာ သေဆုံးသူ၏ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းအား သေဆုံးသူ သေဆုံးခဲ့ရသည့် အကြောင်းရင်းနှင့် ရင်ခွဲစစ်ဆေးချက်များကို အသေးစိတ် ရှင်းလင်းပြသခဲ့၍ ရေခဲတိုက်အတွင်း စနစ်တကျ ထိန်းသိမ်း ထားရှိခဲ့သည်။ ထို့နောက် မတ် ၁၁ ရက် နံနက် ၈ နာရီတွင် သေဆုံးသူ၏ဇနီး ဖြစ်သူ ဒေါ်ဖြူဖြူဝင်းထံသို့ သေဆုံးသူ၏ ရုပ်အလောင်းကို အကောင်းပကတိ မပျက်မယွင်းဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးခဲ့သည်။

ဦးဇော်မြတ်လင်း၏ ရုပ်အလောင်းနှင့်ပတ်သက်၍ လူမှုကွန်ရက် စာမျက်နှာများ၌ မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြကာ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား အများပြည်သူ အထင်အမြင်လွဲမှားစေရန်၊ ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုး ရေးသားခြင်း၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများသို့ မဟုတ်မမှန် သတင်းပေးပို့ခြင်းများကို လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် ယင်းသို့ လုပ်ဆောင်မှုများကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အမျိုးသားတစ်ဦး လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အမျိုးသားတစ်ဦး လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် သတင်းအရ ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ အနောက်ဘက်ရပ်ကွက်ရှိ ချစ်မူး (၂၄)နှစ်၊ (ဘ) ဦးသန်းနိုင်၊ ဗမာ/ဗုဒ္ဓ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ အလျား ၄ ပေခန့်၊ ပြောင်းအကျယ် ၅ မူးလုံးခန့်ရှိ လက်လုပ်သေနတ်လေးလက်နှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် လက်လုပ်သေနတ်များ လက်ဝယ်ထားရှိသူ ချစ်မူးအား ကံမော်နယ်မြေရဲစခန်းတွင် လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မဘိမ်းမြို့နယ်၌ ဆင်က နှာမောင်းဖြင့် ရိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၁၂**

ရှမ်းပြည်နယ် မဘိမ်းမြို့နယ်တွင် ဆင်က နှာမောင်းဖြင့်ရိုက်၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မဘိမ်းမြို့နယ် ပင်ကြိမ်ရွာဟောင်းကျေးရွာ၏ အနောက်တောင်ဘက် စီငန်းချောင်းဘေး၌ မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ဆင်ထိန်းအကူဖြစ်သူ မြစ်ကြီးနားမြို့နယ် ပလနရပ်ကွက်နေ ဘရန်အောင်(၂၀ နှစ်)သည် အရက်မူးယစ်ပြီး ၎င်းထိန်းသိမ်းရသည့် “ဆွတ်အောင်” အမည်ရှိဆင်ကို အစာကျွေးစဉ် ဆင်က နှာမောင်းဖြင့် ရိုက်၍ ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် မဘိမ်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# သတင်းထုတ်ပြန်ခြင်း

**နေပြည်တော်၊ မတ်လ ၁၂ ရက်**

ဆူပူဆန္ဒပြသူလူစုလူဝေးများ၏ ဆောင်ရွက်မှုများကို လေ့လာကြည့်ရာတွင် လူငယ်ထုအများအပြားအနေဖြင့် ဝတ်စားဆင်ယင်မှုပုံသဏ္ဌာန်ကို ဆန်းပြားစွာဝတ်ဆင်ပြီး အများသူငါမှ မိမိပုံသဏ္ဌာန်ကို ထင်သာမြင်သာစွာသိရှိစေလိုသည့် ဝတ်စုံဦးစားပေးအုပ်စု၊ လုံခြုံရေး တပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံရာတွင် ဆန္ဒပြရုံသက်သက် လူမှုကွန်ရက်တွင် ပါဝင်ရုံသက်သက် ရည်မှန်း၍ဆောင်ရွက်လိုသူအုပ်စု၊ ဆူပူဆန္ဒပြရာတွင် ဒေသန္တရလက်လုပ်ဒိုင်းကာများ၊ ယမ်းထုပ်များ၊ မီးခိုးငွေ့ကာမျက်နှာဖုံးများ၊ မီးသတ်ဆေးဘူးများကို ကိုင်ဆောင်အသုံးပြုသော အသုံးအဆောင်ပစ္စည်းဦးစားပေးသည့်အုပ်စုနှင့် လမ်းကြောင်းပိတ်ဆို့ရေးအတွက် တာယာကွင်းများ၊ ပီနံအိတ်ခွံများမီးရှို့ခြင်း ရရာအတားအဆီးများ ပြုလုပ်ဆောင်ရွက်ပြီး လေးခွ၊ ဂျင်ကလိ၊ ဓား၊ လှံ၊ မှိန်းဆူး၊ တူမီးလက်လုပ်သေနတ်များကိုင်ဆောင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုအကြမ်းဖက်လိုသော အုပ်စုဟူ၍ ကွဲပြားစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံစဉ် ဖြေလျှော့၍ လူစုခွဲရန်မေတ္တာရပ်ခံချိန်တွင် အထက်ဖော်ပြပါအုပ်စုများအနက်မှ ရန်ပြုအကြမ်းဖက်လိုသူ အုပ်စုအနေဖြင့်သာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား နည်းမျိုးစုံဖြင့် ထိပ်တိုက်ရင်ဆိုင်လာကြ၍ လုံခြုံရေးတပ်ဖွဲ့၏ မလွှဲမရှောင်သာ လူစုလူဝေးဖြိုခွဲမှု၊ ထိခိုက်ဒဏ်ရာရရှိသေဆုံးမှုများကို ကြုံတွေ့နေရကြောင်း တွေ့ရှိရပါသည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဆူပူဆန္ဒပြသူ လူစုလူဝေးဆောင်ရွက်ခဲ့မှုအနေဖြင့် ယနေ့တွင် မြို့နယ်အချို့တို့၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ ဖြိုခွဲထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့ရပြီး အမျိုးသား (၆၅) ဦး၊ အမျိုးသမီး(၁၀) ဦး၊ စုစုပေါင်း (၇၅)ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခြင်း၊ ကြွေးကြော်သံအမျိုးမျိုးသတ်မှတ်ပေးခြင်း၊ တော်လှန်ရေးခေါင်းစဉ်အမျိုးမျိုးတပ်၍ လှုံ့ဆော်ခြင်း၊ လူစုလူဝေးများပြုလုပ်ရန် လျာထားရက်နှင့်အချိန်များကို သတ်မှတ်ပေးပြီး မိမိနယ်မြေအလိုက် NLD ပါတီ၏ နောက်ကွယ်မှကြိုးကိုင်စေခိုင်းမှုဖြင့်သာ နေ့စဉ်လှုပ်ရှားဆောင်ရွက်နေသည့်အခြေအနေဖြစ်ပြီး လက်ရှိအချိန်တွင် ထင်သလိုလှုပ်ရှားနိုင်မှုမရှိဘဲ အခွင့်မသာသည့်အခြေအနေသို့ရောက်ရှိနေကာ လူစုလူဝေးများ ပိုမိုဖြစ်ပွားအောင် လူမှုကွန်ရက်မှတစ်ဆင့် ထပ်မံသွေးထိုးတွန်းအားပေး လှုံ့ဆော်မှုများနှင့် ကောလာဟလသတင်းအမှားများ တိုးမြှင့်ဆောင်ရွက်လာနေသည်ကို တွေ့ရှိရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**


# ဝန်ထမ်းများ CDM လှုပ်ရှားမှုများဆောင်ရွက်ရာတွင် အားပေးကူညီခဲ့သူများဖြစ်သည့် ဦးဟန်ဝေဆက်၊ ဒေါ်ဆွေဇင်နုနှင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့်ဝန်ထမ်း ၁၁ ဦးအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ နည်းပညာအထောက်အကူပြုအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးဟန်ဝေဆက် (ဘ) ဦးကိုသင်း သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာယန္တရားများ ပျက်ပြားစေရန်အတွက် CDM လှုပ်ရှားမှုတွင် နိုင်ငံ့ဝန်ထမ်းများ ပါဝင်စေရေး လှုံ့ဆော်လျက်ရှိကြောင်း သိရှိရသဖြင့် ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် အမှတ်(၃၁၇၈၄) စန္ဒာလမ်း ဒက္ခိဏသီရိရပ်ကွက် ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

စစ်ဆေးမေးမြန်းချက်များအရ ၎င်းသည်ဝန်ထမ်းများ CDM လုပ်ဆောင်ရန်အတွက် ငွေကြေးများကောက်ခံခဲ့ရာ ဦးထွယ်ဆန်အောင် (Oxfam)၊ NGO (သဘာဝဘေးအန္တရာယ်ဆိုင်ရာ) အဖွဲ့နှင့် လူပုဂ္ဂိုလ် ၁၃ ဦးထံမှစုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ခန့် ကောက်ခံရရှိခဲ့ပြီး လက်ရှိတွင်ငွေကျပ်သိန်း ၂၀ ခန့် သုံးစွဲထားပြီးဖြစ်ကြောင်းနှင့် CDM ဝန်ထမ်းများအား အားပေးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်၊ ပြန်ကပြေးကျေးရွာနေ "ဆုံဆည်းရာ" အမည်ဖြင့် Food Delivery လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဇင်နု (ဘ) ဦးမောင်နုနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဒေါ်ဆွေဇင်နုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။




ဦးဟန်ဝေဆက်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့်နည်းဥပဒေများကို ပြည်သူများ နားလည်လွယ်သောပုံစံဖြင့် သရုပ်ဖော်ပေးခြင်းများ ဆောင်ရွက်ခဲ့ကာ အကျိုးဆောင်ခအဖြစ် ဝန်ကြီးဌာနမှ ၁ လလျှင် ငွေကျပ် ၃သိန်းခန့်ရရှိပြီး ၎င်း၏ Han Wai Satt Facebook Account ဖြင့် နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ CDM အဖွဲ့ချုပ် အမည်ဖြင့် Page ဖွင့်လှစ်ခြင်း၊ CDM လှုပ်ရှားမှု ပိုမိုအားကောင်းလာစေရန် နည်းပညာအသုံးပြု၍ ဖြန့်ဝေခြင်းများ ဆောင်ရွက်ထားရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖမ်းဆီးရမိသူ ဒေါ်ဆွေဇင်နု၏ ဝန်ခံထွက်ဆိုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၉ ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၁ ဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်း ၁ ဦး၊ စုစုပေါင်း ၁၁ ဦးတို့ နေထိုင်ရန်အတွက် နေအိမ် ၂ လုံးအား ငှားရမ်းပေးခြင်း၊ အစားအသောက်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသဖြင့် CDM လုပ်ဆောင်လျက်ရှိသော အဆိုပါဝန်ထမ်း ၁၁ ဦးအား ၎င်းတို့နေထိုင်လျက်ရှိသည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဝေဒ (၁) လမ်းရှိ နေအိမ်၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးခဲ့သည်။

**အမှုဖွင့်လှစ်ထား**

သို့ပါ၍ CDM လှုပ်ရှားမှုတွင်ပါဝင်ရန် အားပေးလှုံ့ဆော်ခြင်း၊ ဦးဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည့် ဦးဟန်ဝေဆက်နှင့် ကိုယ်တိုင်ပါဝင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၁၁ ဦး စုစုပေါင်း ၁၂ ဦးတို့အား ၂၀၂၁ ခုနှစ်၊ မတ် ၅ ရက်တွင် ဒက္ခိဏသီရိမြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅-က၊ ၅၀၅-ခ တို့ဖြင့်လည်းကောင်း၊ ဝန်ထမ်းများ CDM ဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့် ဒေါ်ဆွေဇင်နု (ဘ) ဦးမောင်နုအား ပတ္တာနယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅ - က ဖြင့် လည်းကောင်း အမှုဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူဆန္ဒပြသူလူစုလူဝေးထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင် ရန်ပြုအကြမ်းဖက်လိုသော အုပ်စုများပါဝင်လာ

**နေပြည်တော် မတ် ၁၂**

ဆူပူဆန္ဒပြသူ လူစုလူဝေးထဲတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင် ရန်ပြုအကြမ်းဖက်လိုသော အုပ်စုများ ပါဝင်လာသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူဆန္ဒပြသူလူစုလူဝေးများ၏ ဆောင်ရွက်မှုများကို လေ့လာကြည့်ရာတွင် လူငယ်ထုအများအပြားအနေဖြင့် ဝတ်စားဆင်ယင်မှုပုံသဏ္ဌာန်ကို ဆန်းပြားစွာဝတ်ဆင်ပြီး အများသူငါမှ မိမိပုံသဏ္ဌာန်ကို ထင်သာမြင်သာစွာ သိရှိစေလိုသည့် ဝတ်စုံ ဦးစားပေးအုပ်စု၊ လုံခြုံရေးတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံရာတွင် ဆန္ဒပြရုံသက်သက် လူမှုကွန်ရက်တွင် ပါဝင်ရုံသက်သက် ရည်မှန်း၍ ဆောင်ရွက်လိုသူအုပ်စု၊ ဆူပူဆန္ဒပြရာတွင် ဒေသန္တရ လက်လုပ်ဒိုင်းကာများ၊ ယမ်းထုပ်များ၊ မီးခိုးငွေ့ကာမျက်နှာဖုံးများ၊ မီးသတ်ဆေးဘူးများကို ကိုင်ဆောင်အသုံးပြုသော အသုံးအဆောင်ပစ္စည်း ဦးစားပေးသည့် အုပ်စုနှင့် လမ်းကြောင်းပိတ်ဆို့ရေးအတွက် တာယာကွင်းများ၊ ပီနံအိတ်ခွံများမီးရှို့ခြင်း ရရာအတားအဆီးများ ပြုလုပ်ဆောင်ရွက်ပြီး လေးခွ၊ ဂျင်ကလိ၊ ဓား၊ လှံ၊ မိုန်း၊ ဆူး၊ တူမီးလက်လုပ်သေနတ်များ ကိုင်ဆောင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုအကြမ်းဖက်လိုသော အုပ်စုဟူ၍ ကွဲပြားစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံစဉ် ဖြေလျှော့၍ လူစုခွဲရန် မေတ္တာရပ်ခံချိန်တွင် အထက်ဖော်ပြပါ အုပ်စုများအနက်မှ ရန်ပြုအကြမ်းဖက်လိုသူ အုပ်စုအနေဖြင့်သာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို နည်းမျိုးစုံဖြင့် ထိပ်တိုက်ရင်ဆိုင်လာကြ၍ လုံခြုံရေးတပ်ဖွဲ့၏ မလွှဲမရှောင်သာ လူစုလူဝေးဖြိုခွဲမှု၊ ထိခိုက်ဒဏ်ရာရရှိသေဆုံးမှုများကို ကြုံတွေ့နေရကြောင်း။

မတ် ၁၂ ရက်တွင် ဆူပူဆန္ဒပြသူ လူစုလူဝေး ဆောင်ရွက်ခဲ့မှုအနေဖြင့် နေပြည်တော်တွင် ပျဉ်းမနားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မြောက်ဥက္ကလာ၊ မင်္ဂလာတောင်ညွန့်၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ သန်လျင်နှင့် တွံတေးမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီးတွင် ချမ်းမြသာစည်၊ အမရပူရ၊ မိုးကုတ်နှင့် နွားထိုးကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟင်္သာတမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်နှင့် ကျွန်းစုမြို့နယ်၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ ရှမ်းပြည်နယ်တွင် သီပေါ၊ ကွတ်ခိုင်နှင့် ဖယ်ခုံမြို့နယ် အစရှိသော နေရာဒေသများတွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ ဖြိုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရပြီး အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းရကြောင်း။

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခြင်း၊ ကြွေးကြော်သံအမျိုးမျိုး သတ်မှတ်ပေးခြင်း၊ တော်လှန်ရေးခေါင်းစဉ် အမျိုးမျိုးတပ်၍ လှုံ့ဆော်ခြင်း၊ လူစုလူဝေးများ ပြုလုပ်ရန်လျာထားရက်နှင့် အချိန်များကို သတ်မှတ်ပေးပြီး မိမိနယ်မြေအလိုက် NLD ပါတီ၏ နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းမှုဖြင့်သာ နေ့စဉ်လှုပ်ရှား ဆောင်ရွက်နေသည့် အခြေအနေဖြစ်ပြီး လက်ရှိအချိန်တွင် ထင်သလိုလှုပ်ရှားနိုင်မှုမရှိဘဲ အခွင့်မသာသည့် အခြေအနေသို့ ရောက်ရှိနေကာ လူစုလူဝေးများ ပိုမိုဖြစ်ပွားအောင် လူမှုကွန်ရက်မှတစ်ဆင့် ထပ်မံသွေးထိုးတွန်းအားပေး လှုံ့ဆော်မှုများနှင့် ကောလာဟလသတင်းအမှားများ တိုးမြှင့်ဆောင်ရွက်လာနေသည်ကို တွေ့ရှိရ ကြောင်း သိရသည်။ **သတင်းစဉ်**

## မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ပြစ်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၂**

မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ် (၁၃) ရပ်ကွက် ရန်ကြီးအောင်လမ်းနေ မဝင့်သန္တာထွန်း (ခ) ခရေနှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင် (၁) ရပ်ကွက်နေ ကိုရန်နိုင်ထွန်း (ခ) ရန်နိုင်တို့က လှိုင်သာယာအနောက်ပိုင်းမြို့နယ်နေ မ ... ၊ ၂၁ နှစ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား လှိုင်သာယာအနောက်ပိုင်းမြို့နယ် သောင်ကြီးနယ်မြေရဲစခန်း (ပ) ၁၀၄၂/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၀ ရက်တွင် တရားခံ မဝင့်သန္တာထွန်း (ခ)ခရေနှင့် ကိုရန်နိုင်ထွန်း (ခ) ရန်နိုင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီးတွင် ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီးတွင် ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ည ၈ နာရီတွင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီးတွင် ပြင်ဦးလွင်မှ ရန်ကုန်သို့ ဟိန်းထက်အောင် မောင်းနှင်လာသည့် HYUNDAI ACCENT မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစဉ် ယာဉ်ပေါ်ပါ ထွန်းနိုင်လင်း (ခ) ဖိုးသားနှင့် သန်းနိုင်ဇော် (ခ) ကိုကြီး (ခ) ဇော်ဇော် (ခ) ပါကဲ့တို့မှာ ထွက်ပြေးသွားပြီး ယာဉ်မောင်း ဟိန်းထက်အောင်နှင့်အတူ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၁၇၅၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း၊ ထွက်ပြေးသွားသူများကို ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ မတ် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် ဘောနတ်ကြီး ကျေးရွာအနီး၌ ထွန်းနိုင်လင်း (ခ) ဖိုးသားကို ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မင်းပြားမြို့ ရာမောင်စခန်းတစ်ဝိုက် မင်းပြားမြို့မှ ကန်ကြီးပြင်ကျေးရွာသွား ကားလမ်းတစ်လျှောက်နှင့် ကြက်ဆင် တံတားနေရာတစ်ဝိုက်တွင် လည်းကောင်း၊ အမ်းမြို့နယ် ဒါးလက်တောင်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် စံညွှင်းဝေကျေးရွာ၊ ကွန်တိုင်ကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အမှုဖြင့်အလိုရှိသူကို သွားရောက်ဖမ်းဆီးစဉ် လူအုပ်စုက အကြမ်းဖက်ရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှုဖြင့် အလိုရှိသူကို သွားရောက်ဖမ်းဆီးစဉ် လူအုပ်စုက အကြမ်းဖက်ရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု မြသီတာရပ်ကွက်၌ (အဆိုပါ ရပ်ကွက်နေ အမှုဖြင့် အလိုရှိနေသူတစ်ဦး) ရောက်ရှိနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ရှာဖွေဖမ်းဆီးရန် သွားရောက်စဉ် ၎င်းရပ်ကွက်ဈေးလမ်းထိပ်၌ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ထားသူ လူအုပ်စု အင်အား ၁၅၀ ခန့်က သံတံခါး အတားအဆီးဖြင့် ပိတ်ဆို့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ခဲများဖြင့် ပစ်ခတ်ရန်ပြုခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက သံတံခါးအတားအဆီးအားဖွင့်၍ အမှုဖြင့် အလိုရှိနေသူ ခိုအောင်းနေသည့် နေအိမ်သို့ သွားရောက်ရှာဖွေရန်ဆောင်ရွက်စဉ် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ဆောင်ထားသူများက ခရာမှုတ်၍ ရှေ့သို့တိုးကာ အော်ဟစ်ဆဲဆိုပြီး လေးခွ၊ ခဲများဖြင့် အဆက်မပြတ် ထပ်မံပစ်ခတ်အကြမ်းဖက် ရန်ပြုကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးခြောက်လှန့် ပစ်ခတ်ခဲ့ရာ အကြမ်းဖက်ရန်ပြုသူ လူအုပ်စုထဲမှအဆိုပါရပ်ကွက်နေ ဇော်မင်းထွန်း (၄၂) နှစ်မှာ ဝမ်းဗိုက်ထိမှန်ဒဏ်ရာရရှိခဲ့ရာမှ သေဆုံးသွားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၂**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြုကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညို နိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင် များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေး ချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ကျေးရွာ/ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်ရန် အုပ်ချုပ်ရေးယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်း ရပ်ကွက်၊ ကျေးရွာများ တွင် ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ ကျေးရွာ စီမံ အုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများ ရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများကို သော့ခတ်ခြင်း၊ တံခါးများကို သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများကို မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

**ဥပဒေနှင့်အညီ အရေးယူနိုင်ရေး**

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများ လူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါ ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

**အုပ်ချုပ်ရေးမှူးရုံးများဖွင့်ပေး**

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာအုပ်စု၊ စလွန်းကျေးရွာအုပ်စုနှင့် ကဟန်းကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာရှိ ကျေးရွာစီမံ အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ် ကလိန်အောင်မြို့ အုန်းပင်ကွင်း ကျေးရွာအုပ်စု၊ ဖောင်းတော ကျေးရွာအုပ်စု၊ သဲချောင်း ကျေးရွာအုပ်စု၊ ကံပေါက်ကျေးရွာအုပ်စုနှင့် ဇာဒီကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာ မြို့နယ် အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိ/ ရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူး ရုံးများကို အသီးသီး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေ

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

ပြည်ပမှ ပြန်လည် ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၇၁ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်